**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၅)ရက်မြောက်နေ့ **မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်**

**( ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၀၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၂၀ - ၂ - ၂၀၁၉ရက်နေ့မှာ

အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်း ကော်မတီလုပ်ငန်းတာဝန်များဆောင်ရွက်ရန်။ ဦးဆီဟူးဒွေ့၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကော်မတီတာဝန် ထမ်းဆောင်ရန်။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ရခိုင်ပြည်နယ် ရင်းနှီး မြှုပ်နှံမှုပြပွဲတက်ရောက်ရန်စီစဉ်နေသည်။ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ မွန်အမျိုးသားနေ့ အခမ်းအနားတက်ရောက်ရန်။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးဇာနည်ထက်အောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်း ဆောင်ရန်။ ဗိုလ်ကြီးဒေါ်ဝင်းသီရိဆွေ၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)၊ ဆေးရုံတက်ရောက်နေပါသဖြင့်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၅)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၉)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ကယားပြည်နယ်၊ လွိုင်ကော်မြို့တော်တွင် ပြေးလမ်းတိုးချဲ့လျက်ရှိသော လေယာဉ်ကွင်းအား မည်သည့်ခုနှစ်တွင် ပြီးစီးအောင်ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း က ကယားပြည်နယ်၊ လွိုင်ကော်မြို့တော်တွင် ပြေးလမ်းတိုးချဲ့လျက်ရှိသော လေယာဉ်ကွင်းအား မည်သည့်ခုနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ် လွိုင်ကော်မြို့မှာရှိတဲ့ ပြည်နယ်လေယာဉ်ကွင်း ပြေးလမ်းတိုးချဲ့နေတဲ့အခြေအနေကို သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းပန်းဆက်သွယ်ရေးတိုးတက်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို ကျွန်တော်တို့လို တိုင်းရင်းသားအများစု စုပေါင်းနေထိုင်တဲ့နိုင်ငံမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမှသာ ပိုမိုနီးကပ်ရင်းနှီးလာမှာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ကယားပြည်နယ်ကဲ့သို့ ကုန်းတွင်းပိတ်ပြည်နယ်များဖြစ်ကြတဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကချင်ပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ် စသည့်ဒေသတွေမှာ အဓိကအားဖြင့် ကားလမ်းတစ်ခုတည်းကိုသာ အားကိုးပြီး သွားလာနေကြရပါတယ်။ လေကြောင်းသွားလာမှုကို အသုံးပြုနိုင်ပါက ပိုပြီး အချိန်တိုတိုနဲ့ သွားလာရလွယ်ကူဖို့အတွက် ဆန္ဒရှိနေကြပါတယ်။ တစ်ဖက်ကကြည့်ရင်လည်း ပြည်နယ်မြို့တော်များနဲ့ ပြည်မအနေနဲ့ကောင်းမွန်တဲ့ လေယာဉ်ကွင်းများရှိခြင်းဖြင့် ပြည်နယ်၊ ပြည်မ Connectivity ပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကယားပြည်နယ်မြို့တော် လွိုင်ကော်လေယာဉ်ကွင်းအား အဆင့်မြှင့်တင်လျက်ရှိရာမှာ အချိန်အသင့်အတင့် ကြာမြင့်ပြီဖြစ်တဲ့အတွက်ကြောင့် မည်သည့်ကာလတွင် ပြီးစီးအောင်ဆောင်ရွက်မည်ကို သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်တွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် တောင်ကျရေများဖြတ်သန်းစီးဆင်းသွားသောချောင်းများတစ်လျှောက် ရေတိုက်စားမှုဖြစ်ကာ ချောင်းကမ်းပါးပြိုကျမှုများအား မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် က ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်တွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် တောင်ကျရေများ ဖြတ်သန်းစီးဆင်းသွားသော ချောင်းများတစ်လျှောက် ရေတိုက်စားမှုဖြစ်ကာ ချောင်းကမ်းပါးပြိုကျမှုများအား မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မင်းလှမြို့နယ်၊ မိုးညိုမြို့နယ်၊ အုတ်ဖိုမြို့နယ်တို့မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်အတွင်းမှာ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများကျဆင်းကာ ချောင်းကမ်းပါးများ ပြိုကျခဲ့ပါတယ်။ အဲဒီလို ပြိုကျတဲ့အတွက်ကြောင့် ကျွန်တော်တို့အုတ်ဖိုမြို့နယ်အတွင်းမှာရှိတဲ့ ဂမုန်းချောင်း၊ သဖန်းပင်ဆိပ်(ခ)မြောင်ချောင်း၊ ကတက်ချောင်း၊ ရေကြည်ရိုးချောင်း၊ မြို့လယ်ချောင်း၊ မင်းလှချောင်းနဲ့ တိမ်မြုပ်ချောင်းတစ်လျှောက်မှာရှိတဲ့ချောင်းတွေဟာ ရေတိုက်စားပြီးတော့ ကမ်းပါးများ ပြိုကျခဲ့ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ခုနကပြောခဲ့တဲ့ ချောင်း(၇)ချောင်း ဖြတ်သန်းစီးဆင်းသွားတဲ့နေရာမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စုတွေရဲ့ စာရင်းပဲဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ အဲဒီလို မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းကမ်းပါးတွေ ပြိုကျနိမ့်ဆင်းမှုအခြေအနေများကို ဖော်ပြထားတာဖြစ်ပါတယ်။ ဒါကတော့ အဲဒီလိုစီးဆင်းသွားတဲ့ တစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေရဲ့ပုံဖြစ်ပါတယ်။ ဒီမှာ ပန်းရောင်နဲ့ပြထားတာ ချောင်းကမ်းပါးပြိုကျခဲ့တဲ့ ရပ်ကွက်/ကျေးရွာအုပ်စုများ ဖြစ်ပါတယ်။ ဒါတွေကတော့ အဲဒီချောင်းကမ်းပါးပြိုကျခဲ့တဲ့ တစ်လျှောက်မှာရှိတဲ့ အနေအထားတွေပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်အတွင်းမှာ ကြည့်လို့ရှိရင် ကျွန်တော်တို့ လိပ်ဥကုန်းကျေးရွာ၊ သဖန်းဆိပ်ချောင်းပြိုကျခဲ့မှုကြောင့် အဲဒီအနားမှာရှိတဲ့ အိမ်(၈)လုံးကလည်းပဲ အန္တရာယ်နဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ အဲဒီလိုမိုးများပြီး ချောင်းရေတွေကျဆင်းကာ ရေစီးနှုန်းတွေများပြီးတော့ ကျွန်တော်တို့ ကမ်းပါးတွေပြိုကျတဲ့နေရာကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ကျွန်တော်တို့ ဆည်မြောင်းဦးစီးဌာနမှ ပုဂ္ဂိုလ်များ၊ ရပ်ကွက်/ကျေးရွာ အုပ်စုမှူးများနဲ့ ဆယ်အိမ်ခေါင်း၊ ရာအိမ်ခေါင်းများ၊ ရပ်မိ၊ ရပ်ဖများ သွားရောက်ကွင်းဆင်းကြည့်ရှုပြီးတော့ အဲဒီဒေသမှာ ချောင်းရေလျော့ပါးသွားတဲ့အချိန်မှာ ကမ်းပါးတွေပြိုကျမှုလျော့ပါးရေးနဲ့ ထန်းပင်ကုန်းကျေးရွာအုပ်စုနဲ့ ဘိုရုံစုကုန်းကျေးရွာအုပ်စုတို့မှာရှိတဲ့ ကျေးရွာတွေမှာလည်းပဲ ကျွန်တော်တို့ အန္တရာယ်ရှိအိမ်တွေကို ပြောင်းရွှေ့ဖို့ စီမံဆောင်ရွက်ထားတာကိုလည်း သိရပါတယ်။

ဒါကြောင့်မို့လို့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်အတွင်းမှာ မိုးများတဲ့အတွက်ကြောင့် ချောင်းရေများစီးဆင်းကာ ကမ်းပါးပြိုကျမှုကြောင့် အဲဒီအနီးအနားမှာရှိတဲ့ ပြည်သူလူထုက အန္တရာယ်နဲ့

ကြုံတွေ့နေရပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်က မိုးများတဲ့အချိန်၊ ချောင်းရေလျှံတဲ့အချိန်မှာ မြို့ပေါ်မှာရှိတဲ့ နဝမတန်းကျောင်းသားတစ်ယောက်က ရေဆင်းဆော့ကစားရင်း ချောင်းရေထဲ ပါသွားပြီးတော့ အသက်ဆုံးရှုံးခဲ့ရတာလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ပဲခူးတိုင်းဒေသကြီးမှာ ချောင်းရေတွေတိုက်စားမှုကြောင့် အန္တရာယ်တွေက အလွန်ပဲ နီးကပ်နေပါတယ်။


အဲဒါကြောင့်မို့လို့ ရေစီးရေလာ ကောင်းဖို့အတွက်ဆိုလို့ရှိရင် ချောင်းကောက်တွေကို ချောင်းဖြောင့်အဖြစ် တူးဖော်ပေးရန် လိုအပ်သလို၊ အဲဒီ အန္တရာယ်ရှိတဲ့ကျေးရွာတွေအနီးမှာရှိတဲ့ ရွာတွေ၊ အိမ်တွေကိုလည်း ပြုပြင်ပေးဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်အတွင်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် တောင်ကျရေများ ဖြတ်သန်းစီးဆင်းသွားတဲ့ ချောင်းများတစ်လျှောက်မှာရှိတဲ့ ရေစီးကမ်းပြိုမှုများနှင့် ကျွန်တော်တို့ အန္တရာယ်ရှိတဲ့ ချောင်းကမ်းပါးပြိုကျမှုတွေကို မည်သို့စီစဉ်ဆောင်ရွက်နေတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရပ်ကွက်၊ ကျေးရွာအုပ်စု စာရင်း ပြပုံ(ဖ)

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်အတွင်း ချောင်းအလိုက်ဖြတ်သန်းစီးဆင်းသွားသော ရပ်ကွက်/ကျေးရွာအုပ်စုများ

| စဉ် | ဂမုန်းချောင်း | သဖန်းပင်ဆိပ်(ခ) မြောင်းချောင်း | ကတက် ချောင်း | ရေကြည်ရှိုး ချောင်း | မြို့လယ် ချောင်း | မင်းလှ ချောင်း | တိမ်မြုတ် ချောင်း |
|---|---|---|---|---|---|---|---|
| ၁ | ကြို့ကိုးပင် | ထန်းပင်ကုန်း | ဂင်းသရက် | သမန်းကုန်း | ငါးရှဉ့်ရှိုး | ချောင်းဖေါင်း | တိမ်မြုတ် |
| ၂ | အောက်တိုင်း | ဂင်းသရက် | ကိုင်းကြီး | နန္ဒွင်းကုန်း | ကျုပ်ချောင်း | တယ်ပင်ရိုး | အလယ်ကုန်း |
| ၃ | ဒေါင်းစပါး | သရက်နှစ်ဖျားလိန် | နောကုန်း | ငါးရှဉ့်ရှိုး | တက်ဆွဲ | ကံသာယာ | သဖန်းပင်ဆိပ် |
| ၄ | တင်ဆိပ် | မြောင် | မြောင် | တောင်ကုန်း | | | |
| ၅ | ဘုတလတ်တန်း | သဲကော | ဘုတလက်တန်း | အုတ်တွင်းကုန်း | | | |
| ၆ | ဆင်ဖေါင်း | သဖန်းပင်ဆိပ် | ဆင်ဖေါင်း | တက်ဆွဲ | | | |
| ၇ | ကျွန်းကုန်း | လိပ်ဥကုန်း | လှစင် | | | | |
| ၈ | နန္ဒွင်းကုန်း | သရက်ပင်ဆိပ် | နန္ဒွင်းကုန်း | | | | |
| ၉ | သရက်ကုန်း | အုတ်ရစ်ကုန်း | | | | | |
| ၁၀ | ထူးကုန်း | ကွေ့ချောင်း | | | | | |
| ၁၁ | သလား | မကျီးပင် | | | | | |
| ၁၂ | ကင်မွန်းမြို့ | ကင်မွန်းမြို့ | | | | | |

ချောင်းကမ်းပါးပြိုကျ နိမ့်ဆင်းမှုအခြေအနေအား မြေပုံဖြင့်တွေ့မြင်ရသည့် မြင်ကွင်းပြပုံ(ဖ-၁)



ချောင်းကမ်းပါးပြိုကျနေခြင်းအား တွေ့မြင်ရသည့် မြင်ကွင်းပုံ (ဖ-၂)



**မော်လမြိုင် - ရန်ကုန် မီးရထားသံလမ်း အဆင့်မြှင့်တင်မှုကို အမြန်ဆုံး ပြီးဆုံးအောင် ဆောင်ရွက်ပေးရန်နှင့် မီးရထားလမ်းတစ်လျှောက် ကြံ့ခိုင်မှုမရှိတော့သည့်တံတားများကို ပြန်လည်ပြုပြင်ပေးရန်၊ ခေတ်မမီတော့သည့် ရထားတွဲများ၊ မီးရထားစက်ခေါင်းများနေရာတွင် ခေတ်မီစက်ခေါင်းသစ်များ၊ တွဲများဖြင့် ပြောင်းလဲပြေးဆွဲပေးရန်နှင့် ရထားလက်မှတ်များကို လွယ်ကူလျင်မြန်စွာ ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် က မော်လမြိုင် - ရန်ကုန် မီးရထားသံလမ်း အဆင့်မြှင့်တင်မှုကို အမြန်ဆုံးပြီးဆုံးအောင် ဆောင်ရွက်ပေးရန်နှင့် မီးရထားလမ်းတစ်လျှောက် ကြံ့ခိုင်မှုမရှိတော့သည့်တံတားများကို ပြန်လည်ပြုပြင်ပေးရန်၊ ခေတ်မမီတော့သည့် ရထားတွဲများ၊ မီးရထားစက်ခေါင်းများနေရာတွင် ခေတ်မီစက်ခေါင်းသစ်များ၊ တွဲများဖြင့် ပြောင်းလဲပြေးဆွဲပေးရန်၊ ရထားလက်မှတ်များကို လွယ်ကူလျင်မြန်စွာ ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုဖို့ လေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ဖြစ်ပါတယ်။ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ဆက်သွယ်သောမီးရထားလမ်းအရှည်သည် (၁၈၇)မိုင် ရှည်လျားပါတယ်။ မီးရထားတစ်စီးသည် တစ်နာရီကို မိုင်(၃၀)နှုန်းဖြင့် မောင်းနှင်ပါက မောင်းနှင်ချိန် (၆)နာရီသာ ကြာမြင့်ပါမယ်။ မြန်မာ့မီးရထားဦးစီးဌာနမှ မော်လမြိုင် - ရန်ကုန်သို့ ၉၀ အစုန်ရထားတစ်စင်းနှင့် ၃၆ အစုန်ရထားတစ်စင်း၊ စုစုပေါင်း ရထား(၂)စင်း နေ့စဉ်ပြေးဆွဲလျက်ရှိပါတယ်။ ၉၀ အစုန်ရထားသည် မော်လမြိုင်မှ နံနက် ၈း၀၀ နာရီမှာ စတင်ထွက်ခွာပြီး ရန်ကုန်သို့ ညနေ ၅း၃၀ နာရီတွင် ဆိုက်ရောက်ပါတယ်။ ရထားခုတ်မောင်းကြာချိန်

၉း၃၀ နာရီ ရှိပါတယ်။ ၃၆ အစုန်ရထားသည် မော်လမြိုင်မှ ည ၇း၃၀ နာရီတွင် စတင်ထွက်ခွာပြီး ရန်ကုန်ဘူတာကြီးသို့ နံနက် ၄း၂၀ နာရီတွင် ဆိုက်ရောက်ပါတယ်။ ရထားခုတ်မောင်းကြာချိန် ၈း၅၀ နာရီ ရှိပါတယ်။ မော်လမြိုင်မှ ရန်ကုန်သို့ ပြေးဆွဲသော Express ကားများ၏မောင်းနှင်ချိန်သည် ၆း၀၀ နာရီသာ ရှိသဖြင့် ရထားမောင်းနှင်ချိန်နှင့် နှိုင်းယှဉ်ပါက ၃း၀၀ နာရီကျော် လျော့နည်းနေပါတယ်။ ပြည်သူများ အနေဖြင့် မြန်မာ့မီးရထားကို စီးနင်းချင်ပါသော်လည်း ခုတ်မောင်းချိန် ကြာမြင့်ခြင်းကြောင့် Express ကားများကိုသာ စီးနင်းနေကြပါတယ်။

မီးရထားစီးခြင်းသည် မော်တော်ကားစီးခြင်းထက် ပြည်သူများအတွက် အသက်အန္တရာယ် ပိုမိုလုံခြုံမှုရှိခြင်း၊ ရန်ကုန်မြို့ထဲသို့ တိုက်ရိုက်ရောက်ရှိခြင်း၊ ရထားလက်မှတ်ခ နှုန်းထားသည် ကားလက်မှတ်ခ နှုန်းထားထက် ပိုမိုသက်သာခြင်း စသည့်အားသာချက်များ ရှိပါတယ်။ ထို့ကြောင့် ပြည်သူတို့ အချိန်ကုန် သက်သာစေရေးအတွက် မော်တော်ကားမောင်းနှင်ချိန်နှင့် တူညီအောင် ရထား ခုတ်မောင်းချိန်ကို ၆း၀၀ နာရီသာကြာမြင့်အောင် ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ပြည်သူများသည် မီးရထားကို ပိုမိုရွေးချယ် စီးနင်းလာမှာဖြစ်ပါတယ်။

သို့ဖြစ်ပါသဖြင့် ရထားခုတ်မောင်းချိန် ၆း၀၀ နာရီသာ ကြာမြင့်ရန်အတွက် ယခုလက်ရှိ လုပ်ဆောင်နေသော မီးရထားသံလမ်း အဆင့်မြှင့်တင်မှုကို အမြန်ဆုံးပြီးဆုံးအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ ရထားသံလမ်း အဆင့်မြှင့်တင်ပြီးသော အချို့နေရာများတွင် မီးရထားသံလမ်းထိန်း ကွင်းများပြုတ်ထွက်နေသည်ကို တွေ့ရှိရပြီး အမြန်ဆုံး ပြန်လည်တပ်ဆင်ပေးမှသာလျှင် ပြည်သူများ အတွက် ဘေးအန္တရာယ်ကင်းရှင်းမှာ ဖြစ်ပါတယ်။ မီးရထားသံလမ်းတစ်လျှောက် ကြံ့ခိုင်မှုမရှိတော့သည့် တံတားများကို ပြန်လည်ပြုပြင်ပေးရန် လိုအပ်ပါတယ်။ တံတားများကြံ့ခိုင်မှုရှိမှသာလျှင် တံတားပေါ် မီးရထားဖြတ်မောင်းချိန်၌ အရှိန်လျှော့မောင်းနှင်ရန် မလိုအပ်တော့ဘဲ ပုံမှန်မောင်းနှင်နိုင်မှာဖြစ်ပါတယ်။

တစ်ဖက်တွင်လည်း လက်ရှိပြေးဆွဲနေသော ရထားတွဲများနှင့်စက်ခေါင်းများသည် ခေတ်မမီ တော့ခြင်း၊ ဟောင်းနွမ်းနေခြင်းတို့သည် ပြည်သူများက မီးရထားကိုပစ်ပယ်ပြီး ပိုမိုသန့်ရှင်းသော Aircon ပါသော Express ယာဉ်များကိုသာ ရွေးချယ်စီးနင်းရတဲ့ အကြောင်းအရင်းတစ်ရပ်လည်း ဖြစ်နေပါ တယ်။ တချို့ရထားတွဲများ၏ ထိုင်ခုံများကျိုးပဲ့နေခြင်း၊ လေ့ကားများပျက်စီးနေခြင်းတို့သည် ပြည်သူလူထု များအနေဖြင့် မြန်မာ့မီးရထားအပေါ်ထားရှိသည့် ယုံကြည်မှုကို ပိုမိုလျော့ကျစေပါတယ်။ ရထားတွဲ များရှိ ရထားပြတင်းပေါက်များ ပေါက်နေခြင်း၊ ပြတင်းပေါက်တံခါးများ ပျက်စီးနေခြင်းတို့သည် မြန်မာ့ မီးရထားကို ပိုမိုရုပ်ဆိုးအကျည်းတန်စေတဲ့ အကြောင်းအရင်းတစ်ရပ်ဟုဆိုရင်လည်း မှားမှာမဟုတ်ပါဘူး။

ပြည်သူများ မြန်မာ့မီးရထားကို ရွေးချယ်စီးနင်းလာစေဖို့ရာအတွက် ဆွဲဆောင်သည့်အနေဖြင့် မီးရထားစီးနင်းချိန်တွင် လုံခြုံစိတ်ချစွာ စီးနင်းနိုင်ရေး၊ သက်တောင့်သက်သာဖြစ်ရန်အတွက် လုံခြုံမှု ရှိသည့် Aircon တပ်ဆင်ထားသည့် အဆင့်မြင့်လေအိတ်ရထားတွဲများ၊ ပိုမိုလျင်မြန်စွာ မောင်းနှင်နိုင်မည့် စွမ်းအားမြှင့် စက်ခေါင်းသစ်များဖြင့် အမြန်ဆုံးအစားထိုးမှသာ ဖြစ်ပါတယ်။ မီးရထားလက်မှတ်များ ကိုလည်း (၃)ရက်သာ စောရောင်းခြင်း၊ တယ်လီဖုန်းဖြင့် Booking တင်မရခြင်းများသည် ပြည်သူလူထုများ မီးရထားလက်မှတ်ဝယ်ယူရာတွင် အခက်အခဲဖြစ်စေသည့်ကိစ္စတစ်ရပ် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မီးရထားလက်မှတ်ကို ကားလက်မှတ်များလိုပဲ (၂)ပတ်ခန့် စောရောင်းပေးရန်နှင့် တယ်လီဖုန်းဖြင့်

Booking တင်နိုင်ရန် မြန်မာ့မီးရထားဌာနမှ စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်လှ ပါတယ်။ သို့မှသာ ပြည်သူများ မီးရထားလက်မှတ်များကို အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ယခုလို မြန်မာ့မီးရထား၏ လိုအပ်ချက်များကို ဖြည့်တင်းလုပ်ဆောင်နိုင်မှသာလျှင် ပြည်သူများ မြန်မာ့မီးရထား အပေါ် ယုံကြည်မှုရှိလာပြီး မိမိတို့ခရီးစဉ်အတွက် မြန်မာ့မီးရထားကို ရွေးချယ်စီးနင်းလာကြမှာဖြစ် ပါတယ်။ ပြည်သူများ မြန်မာ့မီးရထားကို ရွေးချယ်စီးနင်းလာမှသာလျှင် နှစ်စဉ်အရှုံးပေါ်နေသော မြန်မာ့မီးရထားဌာနတွင် အမြတ်ပြန်လည်ရရှိလာမှာဖြစ်ပါတယ်။

ဌာနတစ်ခုကို ဦးဆောင်နေသော ခေါင်းဆောင်များသည် မိမိဌာန၏ လုပ်ငန်းကိစ္စရပ်များကို ကျွမ်းကျင်ရုံသာမက နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်များရှိရန် လိုအပ်လှပါတယ်။ မြန်မာ့မီးရထား၏ ရောဂါကျွမ်းနေသည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ ဖြစ်ပါတယ်။ ယခုအချိန်မှာ နိုင်ငံကလည်း ဆင်းရဲနေသေးသဖြင့် အပျက်အစီးများအားလုံးကို လိုက်ပြင်ရန် ဘဏ္ဍာငွေကလည်းမတတ်နိုင်။ ဟိုနည်းနည်း၊ ဒီနည်းနည်းဖြင့် ဒီလမ်းပိုင်းလေး သံလမ်းလဲလိုက်၊ ဟိုလမ်းပိုင်းလေး တွဲလဲလိုက်စသည်ဖြင့် ဆေးမြီးတိုဖြင့် ကုလျှင်လည်း ထိရောက်မှုမရှိသောကြောင့် ပြည်သူများကို စိတ်ကျေနပ်မှုရစေမည် မဟုတ်ပါဘူး။ ပြည်သူများ စိတ်ကျေနပ်မှုမရှိသဖြင့် မြန်မာ့မီးရထားကိုအားကိုးပြီး စီးနင်းလာမှာမဟုတ်သဖြင့် မြန်မာ့ မီးရထားလည်း ဝင်ငွေတိုးလာမှာမဟုတ်ဘဲ အရှုံးသံသရာထဲမှာသာ တဝဲလည်လည် ဖြစ်နေမှာ ဖြစ်ပါတယ်။

ထို့ကြောင့် မီးရထားလမ်းပိုင်းတစ်ခုတည်းကို ပြည်သူများလက်ခံလာသည်အထိ ဘက်ပေါင်း စုံမှ မြှင့်တင်ဆောင်ရွက်ပြီး ပြည်သူများယုံကြည်မှုကိုရယူကာ ဌာနဝင်ငွေတိုးအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ရရှိလာသော အမြတ်ငွေများဖြင့် ကျန်သည့်လမ်းပိုင်းများကို ခေတ်နှင့်ညီအောင် ပြုပြင် ဆောင်ရွက်ခြင်းဖြင့် မြန်မာ့မီးရထားကဏ္ဍ ပြန်လည်ဦးမော့လာအောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တစ်ဖက်တွင်လည်း မော်လမြိုင် - ရန်ကုန် မီးရထားလမ်းကို ပိုမိုကောင်းမွန်အောင် အဆင့်မြှင့် တင်ပြုလုပ်လာခြင်းဖြင့် မွန်တိုင်းရင်းသားများနှင့် ရန်ကုန်သားတို့အကြား ပိုမိုထိတွေ့ဆက်ဆံလာနိုင် မှာဖြစ်ပြီး တိုင်းရင်းသားများအချင်းချင်း စီးပွားရေးနှင့် ခရီးသွားလာရေးတို့အပေါ်မှာ အခြေခံပြီး ယုံကြည်မှုနှင့် နားလည်မှုများ ပိုမိုရှိလာနိုင်မှာဖြစ်ပါတယ်။ ဤကဲ့သို့ မွန်တိုင်းရင်းသားများနှင့် ဗမာ တိုင်းရင်းသားတို့အကြား အချိန်တိုအတွင်း ကူးလူးဆက်ဆံနိုင်ခြင်းသည် ဖက်ဒရယ်ဒီမိုကရက်တစ်နိုင်ငံ ထူထောင်ရေးအတွက် တစ်နည်းတစ်ဖုံ ကူညီထောက်ပံ့ပေးမည့်ကိစ္စလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မော်လမြိုင်မှ ရန်ကုန်သို့ ပြေးဆွဲသော မီးရထားများ၏ ရထားခုတ်မောင်း ချိန်ကို (၆း၀၀)နာရီသာ ကြာမြင့်ရန်အတွက် မီးရထားသံလမ်း အဆင့်မြှင့်တင်မှုကို အမြန်ဆုံးပြီးဆုံး အောင် ဆောင်ရွက်ပေးရန်၊ မီးရထားလမ်းတစ်လျှောက် ကြံ့ခိုင်မှုမရှိတော့သည့်တံတားများကို ပြုပြင် ပေးရန်နှင့် ခေတ်မမီတော့သည့် - - - - - - - - - - - -

မြန်မာ့မီးရထား မြင်ကွင်းပုံ (ဗ)




အဆင့်မြင့်မီးရထား ပြပုံ (ဗ-၁)



နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင် လိုအပ်ချက်များအား ပြသသည့်ပုံ (ဗ-၂)




**ဥက္ကဋ္ဌ**။ ။ ရပ်လိုက်တော့။ ခင်ဗျားက မေးခွန်းမေးတာမဟုတ်ဘဲ အဆို ဆွေးနွေးတာ ကျနေတာပဲ။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း ရဲ့ ကယားပြည်နယ်၊ လွိုင်ကော်မြို့တော်မှာ ပြေးလမ်းတိုးချဲ့လျက်ရှိတဲ့ လေယာဉ်ကွင်းအား မည်သည့်ခုနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point ဖြင့် ရှင်းလင်း တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ လွိုင်ကော်လေဆိပ်ရဲ့ လွတ်လပ်ရေးရပြီးချိန်ရှိ မူလ ဂဝံကျောက်ခင်း လေယာဉ်ပြေးလမ်း အလျားပေ(၄၅၀၀) အကျယ်(၇၅)ပေကို ၁၉၇၈ ခုနှစ်ကစပြီးတော့ ကျောက်ကတ္တရာခင်း တိုးချဲ့တည်ဆောက်ခဲ့ရာမှာ ၁၉၈၀ ခုနှစ်မှာ လေယာဉ်ပြေးလမ်း အလျားပေ(၅၂၀၀) အကျယ်(၇၅)ပေ ရရှိခဲ့ပါတယ်။ ဆက်လက်၍ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ လေယာဉ်ပြေးလမ်းကို မြောက်ဘက်သို့ အလျားပေ(၁၈၀၀) အကျယ်ပေ(၁၀၀) အဆင့်ဆင့် တိုးချဲ့တည်ဆောက်ခဲ့ပါတယ်။

အဲဒီလို တိုးချဲ့ခဲ့၍ စုစုပေါင်းလေယာဉ်ပြေးလမ်း အလျားပေ(၇၀၀၀)ရရှိခဲ့သော်လည်း မူလလေယာဉ်ပြေးလမ်း ပေ(၅၂၀၀)၏အကျယ်ဟာ (၇၅)ပေသာရှိတဲ့အတွက် လက်ရှိမှာ ATR-72 လေယာဉ်များသည် လေယာဉ်ပြေးလမ်း ပေ(၇၀၀၀)ကို အကျယ် (၇၅)ပေဖြင့်သာ ဆင်း/တက် ပျံသန်းအသုံးပြုလျက်ရှိပါတယ်။ လေယာဉ်ပြေးလမ်းစတင် တိုးချဲ့စဉ်က ဆက်လက်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့တဲ့ မူလလေယာဉ်ပြေးလမ်း အလျားပေ(၅၂၀၀)ရဲ့ အကျယ်(၇၅)ပေကို ပေ(၁၀၀)ရရှိရန် တိုးချဲ့ခြင်း၊ တိုးချဲ့ပြီးသည့် အလျားပေ (၅၂၀၀) အကျယ်ပေ(၁၀၀)နှင့် ပေ(၃၀၀ x ၁၅၀)ရှိ လေယာဉ်ရပ်နား နေရာတို့အပေါ်မှာ ထပ်မံတိုးချဲ့ခဲ့တဲ့ လေယာဉ်ပြေးလမ်း အလျားပေ(၁၈၀၀)၏ ခံနိုင်ရည်အားနဲ့ တူညီစေရန် ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိခဲ့ပါတယ်။

ဒါပေမယ့်လည်း ဒေသအသီးသီး တန်းတူဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးစားပေး ဆောင်ရွက်ရန်လိုအပ်တဲ့ လေဆိပ်များတိုးချဲ့တည်ဆောက်ခြင်းနဲ့ လေဆိပ်များသို့ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းဆင်း/တက်နိုင်ရေးအတွက် လေကြောင်းဆက်သွယ်လမ်းညွှန်စက်များတပ်ဆင်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေဖြင့် ဦးစားပေး ဆောင်ရွက်လျက်ရှိပါသဖြင့် လွိုင်ကော်လေဆိပ် လေယာဉ်ပြေးလမ်းကို ဆက်လက်၍ အဆင့်မြှင့်တင် တိုးချဲ့ခြင်းလုပ်ငန်းများ အတွက် ရန်ပုံငွေလျာထား နိုင်ခဲ့ခြင်းမရှိပါခင်ဗျား။

၂၀၁၅ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ လွိုင်ကော်လေဆိပ်ကို နှစ်စဉ် ဝင်/ထွက်တဲ့ခရီးသည် ဦးရေ တိုးတက်လာလျက်ရှိပြီး ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များမှာတော့ လေယာဉ်ဆင်းသက်မှု

အကြိမ်ရေနှင့် ခရီးသည်ဝင်ရောက်မှုနှုန်းတွေက အနည်းငယ် ကျဆင်းလာခဲ့တာကို တွေ့ရှိရပါတယ်။ လက်ရှိ လွိုင်ကော်လေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်း MNA နှင့် Air KBZ လေကြောင်းလိုင်းတို့မှ ATR - 72 လေယာဉ်များဖြင့် တစ်နေ့လျှင် နှစ်ကြိမ်သာ ဆင်း/တက် ပျံသန်း အသုံးပြုလျက်ရှိပါတယ်။ ယခုတင်ပြထားတဲ့ လေယာဉ်ပျံသန်း ဆင်းသက်မှုအကြိမ်ရေနှင့် ခရီးသည်ဦးရေ တိုးတက်မှုနှုန်းများ အရ မျှော်မှန်းနိုင်တဲ့ အနာဂတ်မှာ ဆက်လက်တိုးတက်လာနိုင်တဲ့ ခရီးသည်ဦးရေအတွက် ATR - 72 လေယာဉ်များဖြင့် အကြိမ်ရေ တိုးမြှင့်ပျံသန်း ပြေးဆွဲမည်ဆိုပါကလည်း လက်ရှိလေယာဉ်ပြေးလမ်းက လက်ခံကိုင်တွယ်နိုင်တဲ့ အခြေအနေတွင်ရှိကြောင်း တွေ့ရှိရပါတယ်။

ဒါပေမယ့်လည်း လွိုင်ကော်လေဆိပ်ကို ရှိသင့်ရှိထိုက်တဲ့ စံချိန်စံညွှန်းနဲ့ပြည့်မီပြီး အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုပေးနိုင်စေရေးနဲ့ နောင်မှာ နိုင်ငံခြားမှ စင်းလုံးငှားလေယာဉ်များ တိုက်ရိုက်ပျံသန်း ဆင်းသက်နိုင်မည့် CIQ ဟုခေါ်သည့် နိုင်ငံခြားသား ခရီးသည်များကို လက်ခံ၍ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်တဲ့ လေဆိပ်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းဆိုင်ရာ ကျန်ရှိတဲ့ လုပ်ငန်းများအပြင် ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်မယ့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်တဲ့ PPP စနစ်ဖြင့် တင်ဒါခေါ်ယူ၍ အဆင့်လိုက် ဆောင်ရွက်သွားရန် လျာထားချက်ရှိပါတယ်။ ပထမအဆင့် လုပ်ငန်းများအနေနဲ့ မူလ လေယာဉ်ပြေးလမ်းအကျယ်ကို ပေ(၁၀၀)အထိ တိုးချဲ့ခြင်း၊ တိုးချဲ့ပြီးလေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာတို့အပေါ်မှာ ထပ်ပိုးလွှာတင်ခြင်းနှင့် လက်ရှိ လေဆိပ်အဆောက်အအုံကို အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒုတိယအဆင့်လုပ်ငန်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်(ICAO)၏ စံချိန်စံညွှန်းများနှင့်အညီ လေယာဉ်ရပ်နားနေရာအသစ်တည်ဆောက်ခြင်း၊ လေယာဉ်ဝင်/ထွက်လမ်း တည်ဆောက်ခြင်း၊ လေဆိပ်ခရီးသည် အဆောက်အအုံသစ်တည်ဆောက်ခြင်းနဲ့ အခြားလေဆိပ်ဆိုင်ရာ ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွိုင်ကော်လေဆိပ်၏ မူလလေဆိပ်ပိုင်မြေဧရိယာမှာ(၂၁၇.၆)ဧကနဲ့ တိုးချဲ့ခဲ့တဲ့ လေယာဉ်ပြေးလမ်းအတွက် သိမ်းဆည်းမြေဧရိယာမှာ (၁၉)ဧကဖြစ်သဖြင့် လက်ရှိ စုစုပေါင်းလေဆိပ်မြေဧရိယာမှာ (၂၃၆.၆)ဧကဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်ရန်လျာထားတဲ့ ပထမအဆင့်လုပ်ငန်းများ ဆောင်ရွက်ရန် မြေဧရိယာလုံလောက်မှုရှိသော်လည်း ဒုတိယအဆင့် လုပ်ငန်းများဆောင်ရွက်ရန် ထပ်မံလိုအပ်မည့် မြေဧရိယာကို ကယားပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် မြေသိမ်းဆည်းရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပါတယ်။

လွိုင်ကော်လေဆိပ် အဆင့်မြှင့်တင်ခြင်းကို PPP စနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ရန် လျာထားချက်ရှိသဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း Myanmar Sustainable Development Plan (MSDP)တွင်ပါရှိသည့် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်အမှတ် (၂/၂၀၁၈) နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့

စီမံကိန်းဘဏ် (Project Bank)တွင် ထည့်သွင်း၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် လှိုင်ကော်လေဆိပ် အဆင့်မြှင့်တင်မည့် စီမံကိန်းအဆိုပြုချက်ကို ထည့်သွင်းတင်ပြထားပြီးဖြစ်ပါတယ်။

လှိုင်ကော်လေဆိပ် အဆင့်မြှင့်တင်မည့် စီမံကိန်းအဆိုပြုချက်ကို စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက်ပါ စည်းမျဉ်းနဲ့ စံသတ်မှတ်ချက်များအရ စိစစ်မှုခံယူ၍ ပြည့်မီပါက နိုင်ငံတော်က ချမှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု Feasibility Study ဆောင်ရွက်ခြင်း၊ လက်ရှိ လေဆိပ်အဆောက်အအုံကို အတိုင်ပင်ခံကုမ္ပဏီ ငှားရမ်း၍ တန်ဖိုးဖြတ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ပြီးနောက် EOI ခေါ်ယူခြင်း၊ RFP ရေးဆွဲ၍ တင်ဒါအဆိုပြုချက်များ ဖိတ်ခေါ်ခြင်း၊ တင်ဒါစိစစ်ရွေးချယ်ခြင်းစသည့် တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးနောက် စာချုပ်ညှိနှိုင်းချုပ်ဆိုပြီး လုပ်ငန်းစဉ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ၏ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်တွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် တောင်ကျရေများ ဖြတ်သန်းစီးဆင်းသွားသော ချောင်းများတစ်လျှောက် ရေတိုက်စားမှုဖြစ်ကာ ချောင်းကမ်းပါးပြိုကျမှုများအား မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်ကပင် ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်အတွင်း ဂမုန်း၊ သဖန်းပင်ဆိပ်(ခ) မြောင်၊ ကတတ်၊ ရေကြည်ရိုး၊ မြို့လယ်၊ မင်းလှ၊ တိမ်မြုပ်ချောင်းများဟာဆိုလို့ရှိရင် အလယ်ရိုးမမှ စတင်၍ အုတ်ဖိုမြို့နယ်ကို ဖြတ်သန်း၍ မြစ်မခမြစ်အတွင်းသို့ စီးဝင်သောချောင်းများလည်း ဖြစ်ပါတယ်။ တောင်ကျချောင်းများ ဖြစ်သည့်အားလျော်စွာ ချောင်းကြမ်းပြင် အနိမ့်အမြင့်ကွာဟချက်(လျှောစောက်) များပြားခြင်း၊ မိုးတွင်းကာလမှာ ရေစီးနှုန်းမြန်ဆန်ပြီး ကွေ့ဝိုက်စီးဆင်းသောကြောင့် ချောင်းကွေးများ၏ အပြင်ဘက်ကမ်း (Outer Bend)မှာ ရေတိုက်စားမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါတယ်။

အုတ်ဖိုမြို့နယ်အတွင်း စီးဆင်းနေတဲ့ အဆိုပါချောင်းများမှာ ရေတိုက်စားကမ်းပြိုမှုများနှင့် ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံးက ၂၆ - ၁၁ - ၂၀၁၈ ရက်နေ့မှာ ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ရာ မြောင်ချောင်းအထက်ပိုင်းရှိ ချောင်းနားရွာမှ ချောင်းအောက်ပိုင်းရှိ ချောင်းဂွကျေးရွာအထိ ချောင်းကွေ့ပေါင်း(၂၀)ခန့်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ အဲဒီ ချောင်းကွေ့(၂၀) အနက်မှ နေရာ(၆)နေရာမှာ ချောင်းကွေ့ဖြောင့်ခြင်းလုပ်ငန်းနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်သင့်ကြောင်းကိုလည်း စစ်ဆေးတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ပထမ အစီအမံကတော့ ချောင်းနားရွာ၏ ချောင်းအထက်ဘက်မှာ တူးလိုင်းအလျား (၁၁၀)မီတာနဲ့ အပေါက်ပိတ်ရေကာအလျား (၁၅)မီတာဖြင့် ချောင်းကွေ့ဖြတ်ဖောက်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ကမ်းပြိုမှု

ကာကွယ်ရန် ဖြစ်ပါတယ်။ ဒုတိယအစီအမံကတော့ ဆီမီးတောက်ကုန်းကျေးရွာအနီး တူးလိုင်းအလျား (၁၂၅)မီတာနဲ့ အပေါက်ပိတ်ရေကာအလျား (၁၀)မီတာဖြင့် ချောင်းကွေ့ဖြတ်ဖောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ကမ်းပြိုမှုကာကွယ်ရန် ဖြစ်ပါတယ်။ တတိယအစီအမံကတော့ ယဉ်သွားတန်းကျေးရွာအနီး ရေလွှဲရေကာ အလျားပေ(၁၀)မီတာ (၆)ခုနှင့် (၂)တန်းသွား မျောတိုင်တန်း ကျောက်ဖြည့်အခြေထိန်းရေကာ အလျား(၁၂၅)မီတာလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ကမ်းပြိုမှုကာကွယ်ရန် ဖြစ်ပါတယ်။ ပုံမှာတော့ အခြေထိန်းရေကာအလျားကို (၁၀)မီတာဟု မှားယွင်းစွာ ဖော်ပြထားတဲ့အတွက် တောင်းပန်ပါတယ်။

စတုတ္ထအစီအမံကတော့ လိပ်ဥကုန်းကျေးရွာအနီး တူးလိုင်းအလျား(၂၁၀)မီတာနဲ့ အပေါက်ပိတ်ရေကာ အလျား(၂၅)မီတာလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ကမ်းပြိုမှုကာကွယ်ရန်ဖြစ်ပါတယ်။ ပဉ္စမအစီအမံကတော့ ဘိုရုံစုကျေးရွာအနီး တူးလိုင်းအလျား(၅၅)မီတာနဲ့ အပေါက်ပိတ်ရေကာ အလျား(၃၅)မီတာဖြင့် ချောင်းကွေ့ဖြတ်ဖောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ကမ်းပြိုမှုကာကွယ်ရန်ဖြစ်ပါတယ်။ ဆဋ္ဌမအစီအမံကတော့ ချောင်းဝကျေးရွာ၏ ချောင်းအထက်ဘက်တွင် ရွာချင်းဆက်လမ်းအနီး (၂)တန်းသွား မျောတိုင်တန်း ကျောက်ဖြည့်အခြေထိန်းရေကာ အလျား(၁၆၀)မီတာ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ကမ်းပြိုမှုကာကွယ်ရန် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းတိုင်းတာစစ်ဆေးချက်များအရ ဂမုန်းချောင်းအထက်ပိုင်း ဆင်ဂေါင်းအညာတန်းရွာအနီးမှ ဂမုန်းချောင်းအောက်ပိုင်း အုတ်ဖိုမြို့သစ်အနီးထိ ချောင်းကွေ့ပေါင်း(၇)ခုရှိကြောင်း တွေ့ရှိခဲ့ရပြီး အဲဒီ (၇)ခုအနက်မှ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်သင့်တဲ့ နေရာ(၂)နေရာ စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ ပထမအစီအမံကတော့ ဆင်ဂေါင်း၊ အညာတန်းရွာအနီး ရေလွှဲရေကာ အလျား(၁၀)မီတာ (၈)ခုနှင့် (၂)တန်းသွား မျောတိုင်တန်း ကျောက်ဖြည့်အခြေထိန်းရေကာအလျား (၁၅၀)မီတာ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ကမ်းပြိုမှုကာကွယ်ရန် ဖြစ်ပါတယ်။ ဒုတိယအစီအမံကတော့ နန္ဒင်းကုန်း၊ ရွှေဘိုတန်းရွာအနီးနှင့် ချောင်းအထက်ဘက်မှာ ရေလွှဲရေကာ အလျား(၁၀)မီတာ (၅)ခုနှင့် (၂)တန်းသွား မျောတိုင်တန်း ကျောက်ဖြည့်အခြေထိန်းရေကာ အလျား(၈၅)မီတာ လုပ်ငန်းဆောင်ရွက်ပြီးတော့ ကမ်းပြိုမှုကာကွယ်ရန် ဖြစ်ပါတယ်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှာ ပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ဆောင်ရွက်သင့်သည့် အသေးစိတ်လုပ်ငန်းအစီအမံနှင့် ခန့်မှန်းကုန်ကျစရိတ်များကို တွက်ချက်ပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေမှာ ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် တင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ၏ မော်လမြိုင် - ရန်ကုန် မီးရထားသံလမ်း အဆင့်မြှင့်တင်မှုကို အမြန်ဆုံးပြီးဆုံးအောင် ဆောင်ရွက်ပေးရန်နှင့် မီးရထားလမ်း

တစ်လျှောက် ကြံ့ခိုင်မှုမရှိတော့တဲ့တံတားများကို ပြန်လည်ပြုပြင်ပေးရန်၊ ခေတ်မမီတော့တဲ့ ရထားတွဲများ၊ မီးရထားစက်ခေါင်းများနေရာမှာ ခေတ်မီစက်ခေါင်းသစ်များ၊ တွဲများဖြင့် ပြောင်းလဲပြေးဆွဲပေးရန်နှင့် ရထားလက်မှတ်များကို လွယ်ကူလျင်မြန်စွာ ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်က ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်များကို ပြည့်ပြည့်စုံစုံ ဖြေကြားနိုင်ရေးအတွက် လိုအပ်လာပါက အချိန်ပိုအနည်းငယ် ခွင့်ပြုပေးပါရန်နှင့် Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားရဲ့ ရန်ကုန် - မော်လမြိုင် ရထားလမ်းပိုင်းဟာ ရန်ကုန်မှ ပဲခူးအထိ အစုန်အဆန် နှစ်လမ်းသွားနိုင်တဲ့ ဒွေးလမ်း(၄၆.၅)မိုင်နဲ့ ပဲခူးမှ မော်လမြိုင်အကြား တစ်ချိန်တည်းမှာ အစုန်သို့မဟုတ် အဆန် တစ်လမ်းသာသွားနိုင်တဲ့ ဧကလမ်း(၁၃၀.၂၅)မိုင် စုစုပေါင်းခရီး(၁၇၆.၇၅)မိုင် ရှည်လျားပါတယ်။ ရန်ကုန် - မော်လမြိုင် ရထားလမ်းပိုင်းမှာ (၃၆)ဘူတာရှိပြီး လက်ရှိမှာတော့ လူစီးအမြန်ရထား အဆန်(၃)စင်းနဲ့ အစုန်(၃)စင်းတို့ဖြင့် နေ့စဉ်ကြာမြင့်ချိန် အနည်းဆုံး ၈း၃၅ နာရီ အများဆုံး ၈း၅၆ နာရီဖြင့် ပြေးဆွဲပေးလျက်ရှိပါတယ်။ ရထားပြေးဆွဲမှုအမြန်နှုန်းကို ရထားလမ်းပိုင်းရဲ့ သံလမ်း၏ အချို့နေရာများ၏ အကွေ့ဒီဂရီနှင့် (S)အကွေ့အနေအထားစတဲ့ အခြေအနေများအရ အနည်းဆုံး တစ်နာရီ(၂၅)မိုင်မှ အများဆုံး တစ်နာရီ(၃၅)မိုင်နှုန်းအထိသာ မောင်းနှင်ရန် သတ်မှတ်ပေးထားရခြင်း ဖြစ်ပါတယ်။

အဲဒီအပြင် ၎င်းလမ်းပိုင်းတစ်လျှောက်ရှိ တည်ဆောက်ထားတဲ့ တံတားများရဲ့သက်တမ်းဟာ ဆိုရင်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း ကြာမြင့်ပြီးဖြစ်၍ ကြံ့ခိုင်မှုကျဆင်းလာတဲ့အခြေအနေများကြောင့် တံတားကြီး(၄)စင်းနေရာမှာ စက်ခေါင်းမောင်းနှင်နှုန်း အရှိန်သတ်၍ တစ်နာရီ(၁၀)မိုင်နှုန်းမှ (၁၅)မိုင်နှုန်းအထိသာ ခွင့်ပြုပေးနေရခြင်း သဘာဝဘေးအန္တရာယ်ကြောင့် ရေတိုက်စားမှုခံထားရတဲ့ နှင်းပုလဲဘူတာနှင့် ဒုံဝန်းဘူတာကြား ရထားလမ်းပိုင်းမှာ စက်ခေါင်း စက်သတ်မောင်းနှင်နေရခြင်း စသည်တို့ကြောင့် ရထားပြေးဆွဲချိန်များကို လျှော့ချပေးထားရသကဲ့သို့ ရထားများဘူတာများသို့ ချဉ်းကပ်ဝင်ရောက်ချိန်နဲ့ ဖြတ်သန်းချိန်တို့မှာ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ရထားမောင်းနှင်မှုအရှိန်ကို (၅)မိုင်နှုန်း၊ (၁၀)မိုင်နှုန်း၊ မိုင်(၂၀)နှုန်း အစရှိသဖြင့် လိုအပ်သလို လျှော့ချပြေးဆွဲရပြီး ရပ်တန့်တဲ့ဘူတာများမှာလည်း ရထားရပ်တန့်ချိန် အနည်းဆုံး ၃ မိနစ်မှ ၅ မိနစ်အထိ သတ်မှတ်ပေးရခြင်းတို့ လုပ်ဆောင်နေရပါတယ်။ အဲဒီအပြင် တစ်လမ်းတည်းရှိ ပဲခူးနှင့် မော်လမြိုင်အကြား ဧကလမ်းပိုင်းမှာ အစုန်၊ အဆန်ရထားများ ဆုံခြင်း၊ ကျော်ခြင်းများအတွက် သတ်မှတ်ထားတဲ့ဘူတာကြီးများမှာ စောင့်ဆိုင်းရန်စီစဉ်ရခြင်းစတဲ့ နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရတဲ့ ရထားသွားလာရေးဆိုင်ရာ ကန့်သတ်ချက်များကြောင့် ရထားများဟာ အဝေးပြေးမော်တော်ယာဉ်လိုင်းများကဲ့သို့ ရန်ကုန်နဲ့ မော်လမြိုင်အကြား ၆း၀၀ နာရီခန့်ဖြင့် ပြေးဆွဲပေးနိုင်ခြင်းမရှိဘဲ ၈း၃၀ နာရီမှ ၉ နာရီခန့်အထိ ကြာမြင့်နေရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မော်လမြိုင် - ရန်ကုန် ရထားလမ်းပိုင်း သံလမ်းများ အဆင့်မြှင့်တင်ရေးကိစ္စနှင့် စပ်လျဉ်း၍ မြန်မာ့

မီးရထားအနေဖြင့် ရထားများ ချောမွေ့စွာခုတ်မောင်းနိုင်ရေးအတွက် (၉)ချောင်းတွဲသံလမ်း ဂဟေဆက်ခြင်းလုပ်ငန်းကို စစ်တောင်းတံတားထိပ်မှ မော်လမြိုင်ဘူတာအထိ စုစုပေါင်း(၉၉.၅၀)မိုင်မှာ ၃၁ - ၁၀ - ၂၀၁၈ ခုနှစ်တွင်လည်းကောင်း၊ (၃)ချောင်းတွဲ သံလမ်းဂဟေဆက်ခြင်းလုပ်ငန်းကို မုတ္တမရပ်စခန်းမှ သံလွင်တံတား(မော်လမြိုင်)ပေါ်တစ်လျှောက် မော်လမြိုင်အထိ စုစုပေါင်း(၅.၅၀)မိုင်မှာ ၁၅ - ၈ - ၂၀၁၈ ရက်နေ့တွင်လည်းကောင်း ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ထို့အပြင် စစ်တောင်းကနေပြီးတော့ မုတ္တမအထိ (၉၄)မိုင်နဲ့ မုပ္ပလင်မှ ဇင်းကျိုက်အထိ (၄၈.၈၉၈)မိုင်တွင် စက်ယန္တရားကြီးများဖြင့် ကျောက်ဖြည့်ပက်ကင်ရိုက်ခြင်း လုပ်ငန်းတွေကို ၁၅ - ၈ - ၂၀၁၈ ရက်နေ့မှာ ဆောင်ရွက်ထားပြီးကျန်ရှိတဲ့ ဇင်းကျိုက်မှ မော်လမြိုင်အထိ (၃၉.၈၃၂)မိုင်ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မော်လမြိုင် - ရန်ကုန် ရထားလမ်းပိုင်း၏ ကြံ့ခိုင်မှုမရှိတော့တဲ့ တံတားများကို ပြန်လည်ပြုပြင်ပေးရေးကိစ္စနှင့် စပ်လျဉ်း၍ စစ်တောင်း - မော်လမြိုင် ရထားလမ်းပိုင်းတစ်လျှောက်မှာ တံတားအစင်းပေါင်း (၁၃၃)စင်းရှိတဲ့အနက် ဆားငန်ရေတိုက်စားမှုကြောင့် ပျက်စီးသွားတဲ့ တံတားအစင်း(၃၀)ကို ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်း၊ တံတားသံပေါင်အထိုင် ကွန်ကရစ်အောက်ခံတုံးများ အသစ်လောင်းခြင်းသံပေါင်အထိုင် သံပြားများနှင့်အုတ်ခုံပေါ်အထိုင်သံပြားများ အသစ်ပြုလုပ်ဆောင်ရွက်ခြင်း၊ တံတားဇလီဖားတုံး အသစ်များ လဲလှယ်ခြင်းတို့ကို ၁ - ၄ - ၂၀၁၇ ရက်မှ ၃၁ - ၃ - ၂၀၁၈ ရက်နေ့အတွင်း ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

အဲဒီအပြင် သံမဏိဇလီဖားတုံးများ လဲလှယ်ရန်လိုအပ်တဲ့ တံတား(၆)စင်းအနက် တံတား(၂)စင်းမှာ ၃၀ - ၆ - ၂၀၁၇ ရက်နေ့နဲ့ ၂၅ - ၁ - ၂၀၁၉ ရက်နေ့အသီးသီးမှာ လဲလှယ်ဆောင်ရွက်ပြီးဖြစ်၍ ကျန်တံတား(၄)စင်းမှာ ဆက်လက်လဲလှယ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ ခဝါတံတားနဲ့ ခလွန်တံတားကြီး (၂)စင်းမှာလည်း Synthetic ဖိုင်ဘာဇလီဖားများ လဲလှယ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးပါက မောင်းနှင်နိုင်မယ့်မိုင်နှုန်း တိုးမြှင့်လာမှာဖြစ်၍ ရထားပြေးဆွဲမှုကြာမြင့်ချိန်မှာ လျော့ကျသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ မော်လမြိုင် - ရန်ကုန်ရထားလမ်းပိုင်းမှာ ပြေးဆွဲနေတဲ့ရထားတွဲနှင့် စက်ခေါင်းများ ခေတ်မီသောတွဲနှင့် စက်ခေါင်းအသစ်များဖြင့် အစားထိုးလဲလှယ်ပေးရေးကိစ္စနှင့် စပ်လျဉ်း၍ လက်ရှိပြေးဆွဲနေတဲ့ စက်ခေါင်းများနှင့်ရထားတွဲများနေရာတွင် ခေတ်မီစက်ခေါင်းသစ်၊ တွဲသစ်များ ပြေးဆွဲပေးရန် စက်ခေါင်းသစ် ထုတ်လုပ်တပ်ဆင်ရေးစက်ရုံ (နေပြည်တော်)မှာ တစ်နာရီလျှင် ကီလိုမီတာ(၁၀၀)နှုန်းအထိ ပြေးဆွဲနိုင်တဲ့ မြင်းကောင်ရေ(၂၀၀၀) စက်ခေါင်းသစ်များကို တရုတ်နိုင်ငံချေးငွေစီမံကိန်းဖြင့် တပ်ဆင်ထုတ်လုပ်လျက်ရှိရာ လက်ရှိအချိန်မှာ စက်ခေါင်းသစ်(၇)ခေါင်း တပ်ဆင်ထုတ်လုပ် အသုံးပြုနေပြီဖြစ်သကဲ့သို့နောက်ထပ် စက်ခေါင်းသစ်(၃)ခေါင်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တပ်ဆင်ထုတ်လုပ်ပြီးစီးမှာဖြစ်၍ ရန်ကုန် - မော်လမြိုင်လမ်းပိုင်းမှာ ပြေးဆွဲအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အဲဒီအပြင် တရုတ်နိုင်ငံချေးငွေ စီမံကိန်းဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခေတ်မီ လေအိတ်ပါ ရိုးရိုးတန်းတွဲသစ်(၁၅)တွဲ တည်ဆောက်ပေးရန် ဘဏ္ဍာငွေ ခွင့်ပြုချက် ရရှိပြီးဖြစ်၍ လက်ရှိ အချိန်မှာ တင်ဒါခေါ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြန်မာ့မီးရထားရဲ့ လူစီးတွဲနှင့် ကုန်တွဲ စက်ရုံ (မြစ်ငယ်)တွင် တွဲတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် စတင်မှာဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှာ ပြီးစီးမယ်လို့ ခန့်မှန်းလျာထားပါတယ်။ အဆိုပါ ရိုးရိုးတန်းတွဲ(၁၅)တွဲ အနက်မှ (၄)တွဲကို စားသောက်တွဲများအဖြစ် တည်ဆောက်သွားမှာဖြစ်ပြီး ရိုးရိုးတန်း(၁၁)တွဲကို ရန်ကုန် - မော်လမြိုင်လမ်းပိုင်းမှာ လွန်းပြန်ရထားအဖြစ် ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ပြည်သူများ ရထားလက်မှတ်များကို လွယ်ကူလျင်မြန်စွာ ဝယ်ယူနိုင်ရေးကိစ္စနဲ့ စပ်လျဉ်းပြီးတော့ လက်ရှိအချိန်မှာ ရထားလက်မှတ်များဝယ်ယူမှု အဆင်ပြေချောမွေ့စေရေးအတွက် အထက်တန်းရထားလက်မှတ်များကို (၃)ရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းရထားလက်မှတ်များကို (၁)ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးလျက်ရှိပြီး လက်ကျန်ရထားလက်မှတ်များရှိပါက နေ့ချင်းရထား မထွက်ခွာမီအချိန်အထိ ရောင်းချပေးလျက်ရှိပါတယ်။ လက်ကျန်ရထားလက်မှတ်များကို ဘူတာရုံရဲ့ အများမြင်သာသည့်နေရာမှာ ကြော်ငြာသင်ပုန်းဖြင့် ဖော်ပြခြင်း ကြေညာပေးခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ရထားလက်မှတ် ဝယ်ယူရာ၌ ပိုမိုအဆင်ပြေမြန်ဆန်စေရေးအတွက် လိုအပ်တဲ့ညွှန်ကြားမှုများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။

မြန်မာ့မီးရထားအနေဖြင့် လက်ရှိမှာ လူကိုသာ အဓိကအားကိုးပြီး အသုံးပြုနေရသည့် ဆက်သွယ်ရေးနှင့် အချက်ပြစနစ်များမှာ ခေတ်မမီတော့တဲ့အတွက် ၎င်းနေရာမှာ ပိုမိုထိရောက်လုံခြုံတဲ့ ခေတ်မီဆက်သွယ်ရေးနှင့် အချက်ပြစနစ်များဖြင့် အစားထိုး၍ ပြောင်းလဲအသုံးပြုသွားနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါခေတ်မီစနစ်များ တပ်ဆင်ပြီးစီးပါက ခရီးသွားလိုမှုနှင့် လုံလောက်စွာ နေရာစီစဉ်ပေးနိုင်မှု Demand နှင့် Supply ညီမျှအောင် ချိန်ညှိပေးနိုင်မည့် အနေအထားကို ရပ်တန့် ဘူတာများ အားလုံးက တစ်ချိန်တည်းတွင် မျက်မြင်သိရှိနိုင်တဲ့စနစ် Real - time Information System အသုံးပြုနိုင်သည့်အခြေအနေ ရရှိလာနိုင်သည့်အခါ ပြည်သူများအနေနှင့် ရထားလက်မှတ် များ လွယ်ကူလျင်မြန်စွာ ဝယ်ယူနိုင်မည့် လက်မှတ်ရောင်းချမှုစနစ်ကို ပြောင်းလဲဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ရန်ကုန် - မော်လမြိုင် ရထားလမ်းပိုင်းအတွင်းရှိ ရထားသံလမ်းများနှင့် တံတား များကို အဆင့်မြှင့်တင်ခြင်း ရထားတွဲဆိုင်းများတွင် စက်ခေါင်းနှင့် တွဲသစ်များ အစားထိုး ဖြည့်တင်း ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ ခေတ်မီတဲ့ ဆက်သွယ်ရေးနှင့် အချက်ပြစနစ်သစ်များ ပြောင်းလဲ အသုံးပြုခြင်း စတဲ့ စီမံကိန်းတွေကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဲဒီလိုဆောင်ရွက်ခြင်းဖြင့် ရထားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးလာသည်နှင့်အမျှ ခရီးသည်များ လက်မှတ်ဝယ်ယူမှု အဆင်ပြေစေမည့်ကိစ္စ အပါအဝင် ရထားဖြင့် ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှု အဆင့်အတန်း တိုးတက်လာမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ဆည်ရေခွန်ကြွေးကျန်များ ပြေကြေစွာ ကောက်ခံရရှိရေးကို မည်သို့ထိန်းကျောင်း ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ဆည်ရေခွန်ကြွေးကျန်များ ပြေကြေစွာကောက်ခံရရှိရေးကို မည်သို့ထိန်းကျောင်း ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါ။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ဆည်ရေခွန်ကြွေးကျန်များ ပြေကြေစွာ ကောက်ခံရေးကို မည်သို့ထိန်းကျောင်း ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းဖြစ်ပါတယ်။

မေးမြန်းရတဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ လူဦးရေ(၇၀)ရာခိုင်နှုန်းဟာ လယ်ယာစိုက်ပျိုးမှု အသက်မွေးဝမ်းကျောင်းပြုရာမှာ ဆည်မြောင်းရေကို အသုံးပြုတောင်သူဟာ(၃၅)ရာခိုင်နှုန်းရှိကြောင်း လေ့လာရရှိပါတယ်။ တောင်သူများအတွက် ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနအနေဖြင့် ဆည်မြောင်းရေရရှိရေးကို ဦးစားပေးလျက် နိုင်ငံတော်ဘဏ္ဍာငွေ အသုံးပြုပြီးပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ လုပ်ကိုင်ပေးလျက်ရှိပါတယ်ခင်ဗျား။ ဆည်မြောင်း၊ ကန်ချောင်းများက စိုက်ပျိုးရေ ရရှိသုံးစွဲတဲ့ တောင်သူတွေအနေနဲ့လည်း ရေခွန်ပေးဆောင်ရမယ့် တာဝန်ရှိကြပါတယ်ခင်ဗျား။ တာဝန်သိတဲ့ တောင်သူများကတော့ ရေခွန်ကို တာဝန်ကျေစွာထမ်းဆောင်ကြသလို တာဝန်ပျက်ကွက်တဲ့ တောင်သူများကတော့ ရေခွန်ပေးဆောင်ရန် မင်းဘူးခရိုင်တစ်ခုလုံးအတွက်ဆိုလို့ရှိရင် ၂၀၀၆ - ၂၀၀၇ ဘဏ္ဍာနှစ်ကနေ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အထိ ကြွေးကျန်ကျပ်(၄၆၂၇၆)သိန်းကျော် ကျန်ရှိနေကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်များတွင် ရေခွန်ကောက်ခံရန် တာဝန်ရှိတဲ့ ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှ ဝန်ထမ်းအင်အားကလည်း လုံလောက်မှုမရှိခြင်း၊ ဆည်ရေရရှိရေးကို ဆောင်ရွက်ရခြင်း၊ တာတမံတွေပျက်လို့ ပြင်ဆင်ရခြင်း ဒီလုပ်ငန်းတွေကို လုပ်နေရတဲ့အတွက်ကြောင့် ရေခွန်ကောက်ခံရေးလုပ်ငန်းတွေမှာ ထိရောက်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ အဆိုပါ ကြွေးကျန်တွေထဲက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တစ်နှစ်တည်းမှာတင် ရေခွန်ကြွေးကျန်အသစ်ဟာ ကျပ်(၂၇၉၇၉၆၉၆)ကျော် ရှိနေကြောင်း၊ ရေခွန်ပေးကြေစွာမသွင်းကြောင်း အဓိက ဒီကြွေးကျန်တွေကိုသာ ပထမဦးစွာ ကောက်မှသာ ပိုမိုပြီးအဆင်ပြေမယ်လို့ ယူဆရပါတယ်ခင်ဗျား။ အထက်ဖော်ပြပါ ကြွေးတွေဟာ မင်းဘူးခရိုင်တစ်ခုတည်းက အကြွေးတွေဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ဆည်ရေခွန် ကြွေးကျန်များ မြောက်မြားစွာရှိမယ်လို့ လေ့လာတွေ့ရှိရပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနရဲ့ ဆည်ရေခွန်ကြွေးကျန်များ ပေးကြေစွာကောက်ခံရေးအတွက် မည်သို့ထိန်းကျောင်း ဆောင်ရွက်သွားမည်ဆိုတာကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ထော်ပိုင်ကျေးရွာအုပ်စုရှိ လယ်ဧက(၂၂၆၀၀)ကျော်ထဲသို့ ရေငန်မဝင်ရောက်နိုင်ရန်အတွက် ရေငန်တားတမံဆည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့ က ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ထော်ပိုင်ကျေးရွာအုပ်စုရှိ လယ်ဧက (၂၂၆၀၀)ကျော်ထဲသို့ ရေငန် မဝင်ရောက်နိုင်ရန်အတွက် ရေငန်တားတမံဆည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်မမေးမယ့် မေးခွန်းကတော့ ဘိုကလေးမြို့နယ်၊ ထော်ပိုင်ကျေးရွာအုပ်စုရှိ လယ်ဧက(၂၂၆၀၀)ကျော်ထဲသို့ ရေငန်မဝင်ရောက်နိုင်ရန်အတွက် ရေငန် တားတမံဆည်ကို ပြည်ထောင်စုဘတ်ဂျက်မှ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဘိုကလေးမြို့သည် ကျေးရွာခွဲပေါင်း(၅၇၅)ရွာရှိပြီး လူဦးရေ(၃၅၀၀၀၀)ကျော်နေထိုင်တဲ့ မြစ်ဝကျွန်းပေါ် မြို့လေးတစ်မြို့ဖြစ်ပါတယ်ရှင်။ နာဂစ်မုန်တိုင်း ဒဏ်ကိုလည်း အလူးအလဲခံထားရတဲ့မြို့လေးဖြစ်ပြီး ဖျာပုံခရိုင် (၄)မြို့နယ်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနှင့်

လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ မြို့လေးဖြစ်ပါတယ်။ မြစ်၊ ချောင်း၊ အင်းအိုင်ပေါများပြီး မိုးရာသီမှာ ရေလမ်းခရီးကိုသာ အဓိကထား သွားလာရတဲ့မြို့လေးဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဘိုကလေးမြို့နယ်အတွင်းမှာရှိတဲ့ ထော်ပိုင်ကျေးရွာအုပ်စုသည် ရွာခွဲ(၁၇) ရွာခွဲရှိပြီး ပင်လယ်နှင့်ထိစပ်နေသော ကျေးရွာအုပ်စုတစ်ခု ဖြစ်ပါတယ်။ လူဦးရေ(၁၀၀၀၀)ကျော် မှီတင်းနေထိုင်ကြပါတယ်။ ထော်ပိုင်ကျေးရွာအုပ်စုမှာ လယ်ဧကပေါင်း (၂၂၆၀၀)ကျော်ရှိပြီးတော့ လယ်ယာလုပ်ငန်းကို အဓိကအားထား လုပ်ကိုင်နေကြသူများဖြစ်ပါတယ်။ ထိုဒေသရှိ တောင်သူလယ်သမားများသည် ၎င်းတို့လယ်ယာမြေထဲသို့ နှစ်စဉ် ရေငန်များဝင်ရောက်တဲ့အတွက် စပါးအပါအဝင် အခြားသီးနှံများ ပျက်စီးဆုံးရှုံးမှုကြုံတွေ့နေရပါတယ်။ ထိုကြောင့် တောင်သူလယ်သမားများရဲ့ လူနေမှုဘဝ နိမ့်ကျပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာ ဆုံးရှုံးနစ်နာနေရသည်မှာ ကာလကြာမြင့်ပြီဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ထော်ပိုင်ကျေးရွာအုပ်စုရှိ လယ်ယာမြေများသည် ရေငန်တားဆည်မရှိတဲ့အတွက် လယ်တစ်ဧကကို ပျမ်းမျှ စပါးတင်း(၂၀)လောက်သာ ထွက်ရှိပါတယ်။ ထော်ပိုင်ကျေးရွာနဲ့ ကပ်လျက်ရှိသော မြို့နယ်တူ၊ ဒေသတူ စက်ဆန်းကျေးရွာမှာဆိုလို့ရှိရင်တော့ ရေငန်တားဆည်ရှိတဲ့အတွက်ကြောင့် လယ်တစ်ဧကကို ပျမ်းမျှ စပါးတင်း(၅၀)ကျော်လောက် ထွက်ရှိပါတယ်။ ဒါကို နှိုင်းယှဉ်ကြည့်လို့ရှိရင် လယ်တစ်ဧကကို စပါးတင်း (၃၀)ကျော်လောက် ကွာနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ထိုထော်ပိုင်ကျေးရွာအုပ်စုမှာ လယ်ဧကပေါင်း(၂၂၆၀၀)ကျော် ရှိတဲ့အတွက် တစ်နှစ်လျှင် စပါးတင်း(၇၀၀၀၀၀)နီးပါး အထွက်လျော့နေတာကို တွေ့ရပါတယ်။ ထိုဒေသမှာရှိတဲ့ လယ်သမားများဟာ သူတို့များစွာနစ်နာနေကြောင်း ကိုယ်စားလှယ်များကို တင်ပြကြပါတယ်။ နောက်တစ်ခါ ထိုဒေသဟာ ပင်လယ်နဲ့နီးသလောက် သောက်သုံးရေ ရှားပါးတဲ့ဒဏ်ကိုလည်း နှစ်စဉ်နှစ်တိုင်း ကြုံတွေ့ရပါတယ်။ ရေတွင်း၊ ရေကန်များတူးဖော်ရန်မှာလည်း ပေ(၇၀၀)ကျော်လောက် တူးတာတောင်မှ အောက်က ရေငန်တွေဝင်လို့ သောက်သုံးရေအခက်အခဲနဲ့ ရင်ဆိုင်ရတဲ့ဒေသလည်း ဖြစ်ပါတယ်။ ဒါကြောင့် ရေငန်တားတာတမံဆည်တွေကို တည်ဆောက်ပေးမည်ဆိုပါက ထိုဒေသအတွက် နှစ်စဉ် စပါးတင်းရေ(၇၀၀၀၀၀)ကျော်နီးပါး အထွက်တိုးလာခြင်း၊ ရေငန်မဝင်ရောက်နိုင်တဲ့အတွက် သောက်သုံးရေကန်များ တူးဖော်ရာမှာလည်း အဆင်ပြေမှုရှိခြင်း၊ နိုင်ငံတော်အတွက် ဘဏ္ဍာငွေပိုမိုရရှိစေခြင်း၊ ဒေသခံများအတွက် စားနပ်ရိက္ခာဖူလုံစေပြီး လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေမှာ ဖြစ်ပါတယ်ရှင်။

ကျွန်မတို့ ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းဆောင်ရွက်တဲ့အခါမှာ အမှန်တကယ်လိုအပ်နေကြောင်း တွေ့ရှိရတဲ့အတွက် ဒေသခံ တောင်သူလယ်သမားများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဘုရားဖြူကျေးရွာ၊ ဘုရားဖြူစေတီအနီးရှိ ဘီလူးချောင်းကူးတံတားမှ မိုင်နာ(၁၉)အထိ အရှည်(၁၇၃၅၈)ပေရှိသော တာဘောင်လမ်းအား ကျေးရွာကုန်ထုတ်လမ်းအဖြစ် ကျောက်ချောလမ်း သို့မဟုတ် ကွန်ကရစ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း က ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဘုရားဖြူကျေးရွာ၊ ဘုရားဖြူစေတီအနီးရှိ ဘီလူးချောင်းကူးတံတားမှ မိုင်နာ(၁၉)အထိ အရှည်(၁၇၃၅၈)ပေရှိသော တာဘောင်လမ်းအား ကျေးရွာကုန်ထုတ်လမ်းအဖြစ် ကျောက်ချောလမ်း သို့မဟုတ် ကွန်ကရစ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါပေါ်ကလဲ ကျေးရွာအုပ်စု စိုက်ကွင်းဟာ လွိုင်ကော်မြို့ရဲ့ လယ်ယာအများဆုံး ထွက်ရှိရာဒေသဖြစ်ပြီးတော့ ၎င်းတို့မှ ထွက်ရှိလာတဲ့ စပါးတွေကို ဘီလူးချောင်းမှ မော်တော်ဘုတ်များနှင့် လွိုင်ကော်မြို့ပေါ် လမ်းများသို့ သယ်ဆောင်ကာ မိမိကျေးရွာများသို့ သယ်ဆောင်နေရခြင်း၊ လယ်ယာကုန်ထုတ်လမ်းမရှိတဲ့အတွက် မိမိထွက်ကုန်များကို အခက်အခဲများစွာနဲ့ သယ်ဆောင်ရခြင်း ဒုက္ခများရှိနေပါတယ်။ အဲဒါကြောင့် ဒေါပေါ်ကလဲကျေးရွာအုပ်စု၏ တောင်သူများရဲ့ဆန်စပါးများကို အမြန်ဆုံးသယ်ဆောင်နိုင်ရန်အတွက် ဒီးမော့ဆိုမြို့၊ ဘုရားဖြူကျေးရွာ စေတီအနီးရှိ ဘီလူးချောင်းတံတားမှ မိုင်နာ(၁၉)အထိ ပေအရှည်(၁၇၃၅၈)ပေ၊ တောင်သူများ တင်ပြတုန်းကတော့ (၁၇၃၅၈)ပေပေါ့။ ယခုလက်ရှိ တိုင်းတာချက်အရ (၂၂၀၀၀)ပေရှိတယ်။ အဲဒါကြောင့် ဒီတာလမ်းအား ကျောက်ချောလမ်း၊ ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးထံမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တရုတ်နိုင်ငံ သွင်းကုန်/ထုတ်ကုန်ဘဏ်မှ ချေးယူသော ဒေါ်လာသန်း(၁၀၀)ကို သမဝါယမဦးစီးဌာနက စိုက်ပျိုးရေးချေးငွေ အစီအစဉ်ဟု အမည်တွင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မူလမတည်ငွေရင်း၊ ချေးငွေ အမျိုးမျိုး၊ အတိုးအရင်း၊ ပြန်လည် ပေးဆပ်မှုအခြေအနေနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးနှင့် ငွေကြေး နှစ်ချုပ်အစီရင်ခံစာ၊ လုပ်ငန်းအောင်မြင်မှုအတိုင်းအတာနှင့် မည်သူတွေက တာဝန်ယူ၊ တာဝန်ခံမှု အဆင့်ဆင့်ဖြင့် ဆောင်ရွက်သည် စသည့်အခြေအနေအရပ်ရပ်အား သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် က တရုတ်နိုင်ငံ သွင်းကုန်/ထုတ်ကုန်ဘဏ်မှ ချေးယူသော ဒေါ်လာသန်း(၁၀၀)ကို သမဝါယမဦးစီးဌာနက စိုက်ပျိုးရေးချေးငွေ အစီအစဉ်ဟု အမည်တွင် ဆောင်ရွက်ခဲ့ပြီး ယခုအခါ မူလမတည်ငွေရင်း၊ ချေးငွေ အမျိုးမျိုး၊ အတိုးအရင်း၊ ပြန်လည်ပေးဆပ်မှုအခြေအနေနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးနှင့်ငွေကြေး နှစ်ချုပ်အစီရင်ခံစာ၊ လုပ်ငန်းအောင်မြင်မှု အတိုင်းအတာနှင့် မည်သူတွေက တာဝန်ယူ၊ တာဝန်ခံမှု အဆင့်ဆင့်ဖြင့် ဆောင်ရွက်သည် စသည့် အခြေအနေအရပ်ရပ်အား သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီး ခွင့်ပြုချက်အရ ဒီနေ့ အမျိုးသား လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်တို့နိုင်ငံမှာ ဘဏ္ဍာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအသစ်များ ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွား အဆင့်အတန်းကို မြှင့်တင်ရန် ကျေးလက်ဖွံ့ဖြိုးရေးတွင် လူထု၏ ပူးပေါင်းပါဝင်မှုနှင့် ထည့်ဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန် ပြည်သူ များအား မိမိတို့၏ ကိုယ်ပိုင်အနာဂတ်များ ပုံဖော်ရာမှာ ကိုယ်တိုင်တာဝန်ယူနိုင်မှုကို ဖန်တီးပေးရန် စတဲ့ရည်ရွယ်ချက်များနဲ့ ဒေသန္တရကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေများကို ဖော်ဆောင်ခဲ့ပါတယ်။

ဒေသန္တရကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေများမှာ နံပါတ်(၁) မဲဆန္ဒနယ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြစ်သော ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ၊ (၂) ဆင်းရဲမွဲတေမှု လျှော့ချရေးရန်ပုံငွေ၊ (၃) ကျေးလက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ (၄) လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေ၊ (၅) မြစိမ်းရောင် ရန်ပုံငွေ၊ (၆) သမဝါယမ စိုက်ပျိုးရေးချေးငွေဟု အမျိုးမျိုးရှိခဲ့ပါတယ်။ ၎င်းတို့အထဲမှ သမဝါယမ စိုက်ပျိုးရေးချေးငွေဆိုတာ လွန်ခဲ့တဲ့(၅)နှစ်က တရုတ်နိုင်ငံ သွင်းကုန်ထုတ်ကုန်ဘဏ်မှ အတိုးနှုန်း (၄.၅)ရာခိုင်နှုန်းဖြင့် ချေးယူ ခဲ့တဲ့ အမေရိကန်ဒေါ်လာ သန်း(၁၀၀)ကို သမဝါယမဦးစီးဌာနမှ ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်မှ စိုက်ပျိုးရေးချေးငွေဟု အမည်တပ်ပြီး ထုတ်ချေးခဲ့တာဖြစ်ပါတယ်။ တစ်လအတိုးနှုန်း (၁.၅)ရာခိုင်နှုန်း

ဖြစ်ပါတယ်။ ယခုနှစ်မှာ (၂)ရာခိုင်နှုန်း အတိုးဟု သိရပါတယ်။ ချေးငွေရရှိဖို့ သမဝါယမအသင်းဝင် ဖြစ်ရပါမယ်။ အသင်းဝင်ကြေး(၅၀၀၀)ကျပ် ပေးသွင်းရပါတယ်။ ပထမအကြိမ်(၁၀၀၀၀၀)ကျပ် ထုတ်ချေးပေးပါတယ်။ ကျပ်(၅)သိန်းအထိ ချေးငွေရှိပါတယ်။ စိုက်ပျိုးရေးချေးငွေဆိုပေမယ်လို့ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)လည်း ပြစရာမလို၊ စိုက်ဇကလည်း ပြောစရာမလိုပါဘူး။ မြို့ပေါ်ရှိလူများကိုလည်း လုပ်ငန်းလုပ်ကိုင်မှု ပြစရာမလိုဆိုတော့ အလျဉ်းသင့်ရာ လူတစ်စု၊ လူတစ်ဖွဲ့ကိုသာ ထုတ်ချေး ပေးသလိုဖြစ်နေပါတယ်။ အသင်းဝင်ကြေး(၅၀၀၀)ကျပ် မရှိရင်တောင်မှ (၁၀၀၀၀၀) ကျပ်ထုတ်ချေးလျှင် (၉၅၀၀၀)ကျပ် ထုတ်ပေးလိုက်ခြင်းဖြင့် အစုအဖွဲ့ လုပ်ကိုင်နေကြပါတယ်။

ကျေးလက်တောင်သူ၊ လယ်သမားများ စိုက်ပျိုးထုတ်လုပ် ကုန်ကျစရိတ်ကိုလည်းပဲ တစ်နိုင်တစ်ပိုင် ကူညီနိုင်ခြင်းမရှိ၊ မြို့ပေါ် အသေးစားလုပ်ငန်းရှင်များအတွက် တစ်အုပ်တမ အကူအညီလည်းမရဖြစ်နေပါတယ်။ ပြည်သူများအား မိမိတို့၏ ကိုယ်ပိုင်အနာဂတ်များ ပုံဖော်ရာမှာ ကိုယ်တိုင်တာဝန်ယူနိုင်မှုကို ဖန်တီးရန်ဟူသော ရည်ရွယ်ချက်နှင့်လည်း ဆန့်ကျင်သဘောဆောင်နေပါတယ်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူမှုစီးပွား အဆင့်အတန်းမြင့်မားရေး၊ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးရေး စတဲ့ ပြည်သူ့လိုအပ်ချက်များနဲ့ အမှန်တကယ် အထောက်အပံ့ဖြစ်ဖို့ အလှမ်းကွာဝေးလျက် ရှိတယ်လို့ ယုံကြည်ကြရသည်က တစ်ကြောင်း၊ နိုင်ငံတော်ရဲ့ ပြည်ပချေးငွေများကို အလဟဿ အကျိုးမဲ့မဖြစ်စေလိုသည့်က တစ်ကြောင်းတို့ကြောင့် ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံ သွင်းကုန်ထုတ်ကုန်ဘဏ်မှ ချေးယူသော ဒေါ်လာသန်း(၁၀၀)ကို သမဝါယမဦးစီးဌာနက စိုက်ပျိုးရေးချေးငွေအစီအစဉ်ဟု အမည်တွင် ဆောင်ရွက်ပြီး ယခုအခါမှာ မူလမတည်ငွေရင်း ချေးငွေအမျိုးမျိုး အတိုးအရင်း ပြန်လည်ပေးဆပ်မှုအခြေအနေနဲ့ စပ်လျဉ်းတဲ့ ဘဏ္ဍာရေးနှစ် ငွေကြေးနှစ်ချုပ်အစီရင်ခံစာ လုပ်ငန်းအောင်မြင်မှုအတိုင်းအတာနှင့် ဘယ်သူတွေက တာဝန်ယူ၊ တာဝန်ခံမှု အဆင့်ဆင့်ဖြင့် ဆောင်ရွက်နေတယ် ဆိုသည့် အခြေအနေအရပ်ရပ်အား သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၁။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ရဲ့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆည်ရေခွန်ကြွေးကျန်များ ပြေကြေစွာ ကောက်ခံရရှိရေး ထိန်းကျောင်းဆောင်ရွက်သွားမယ့်အခြေအနေနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအပေါ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော် မှ ပြန်လည်ဖြေကြား ပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ ဆည်ရေသောက်စနစ်တွေမှာ စိုက်ပျိုးရေ ပေးဝေနိုင်ဖို့အတွက် ကျသင့်တဲ့ရေခွန်ကို ၁၉၈၂ ခုနှစ်၊ ရေခွန်နှင့် တာတမံခွန်ဥပဒေနဲ့ ၁၉၈၇ ခုနှစ်၊ ရေခွန်နဲ့တာတမံခွန်ကို ပြင်ဆင်တဲ့ ဥပဒေတို့အရ ယခင်က တစ်ဧကကို(၁၀)ကျပ်နှုန်း ကောက်ခံခဲ့ပါတယ်။ ဒီလိုကောက်ခံတဲ့အခါမှာလည်းပဲ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီနောက် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် ၂၀၀၆ - ၂၀၀၇ ခုနှစ်မှစပြီး စပါးသီးနှံစိုက်ပျိုးရေ အပြည့်အဝပေးဝေမယ်ဆိုရင် တစ်ဧက(၁၉၅၀)ကျပ်နှုန်း၊ ရေတစ်စိတ်တစ်ပိုင်းပေးဝေရပါက တစ်ဧက ကျပ်(၉၀၀)နှုန်းနဲ့ အခြားသီးနှံ ရေပေးဝေရမယ်ဆိုရင် တစ်ဧက (၉၀၀)ကျပ်နှုန်းဖြင့် ထိုစဉ်က ဆည်မြောင်းဦးစီးဌာနက တာဝန်ယူကောက်ခံခဲ့ပြီးတော့ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ပေးသွင်းခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့နေရာမှာ ဌာနအနေနဲ့ ဆည်အခွန်ဆိုင်ရာ ဝန်ထမ်းအင်အားလုံလောက်မှုမရှိသော်လည်းပဲ ရေခွန်ငွေများအပြည့်အဝ ကောက်ခံရရှိရေးနဲ့ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာလုပ်ငန်း အုပ်ချုပ်မှုနယ်ပယ်အလိုက် ဝန်ထမ်းများဖြင့် ရေခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့တွေကို ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့တဲ့အခြေအနေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေခွန်နှုန်းထားအသစ်နဲ့ စတင်ကောက်ခံခဲ့တဲ့ ၂၀၀၆ - ၂၀၀၇ ခုနှစ်၊ ၂၀၀၇ - ၂၀၀၈ ခုနှစ်များမှသာ ရေခွန်ကောက်ခံရရှိမှုဟာ အတိုင်းအတာတစ်ခုအထိသာ ကောက်ခံရရှိခဲ့ပါတယ်။ နောက်ပိုင်းမှာ တဖြည်းဖြည်းလျော့ကျလာမှုနဲ့အတူ နောက်ဆုံး ကောက်ခံရရှိခြင်းမရှိတော့ဘဲ ရေခွန်ကြွေးကျန်ငွေ မြောက်မြားစွာ ဘီလီယံနဲ့ချီပြီး ကျန်ရှိခဲ့တဲ့ အနေအထားကို ရောက်ရှိလာပါတယ်။ ရေခွန်နှုန်းထားအသစ်နဲ့ စတင်ကောက်ခံစဉ်ကတည်းက တောင်သူတွေကို စည်းရုံးဆွေးနွေး ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ယခင်က တစ်ဧက(၁၀)ကျပ်နှုန်းနဲ့ ကောက်ခံခြင်းသည် စပါးတစ်တင်း(၉)ကျပ်ခွဲသာရှိတဲ့ကာလတွေမှာ သတ်မှတ်ခဲ့ခြင်းဖြစ်တဲ့အပြင် ထိုစဉ်က မြေပြင်မှာ စပါးတစ်တင်း(၃၀၀၀)ကျပ်အထက် ပေါက်ဈေးရှိတဲ့အတွက် ကောက်ခံမှု တစ်ဧက(၁၉၅၀)ကျပ်နှုန်းဟာ များတယ်လို့မဆိုနိုင်ဘဲနဲ့ ဆည်ရေသောက်လယ်တွေရဲ့ စပါးအထွက်နှုန်းနဲ့ နှိုင်းစာပါက ထိုက်သင့်တဲ့နှုန်းထားဖြစ်မှု၊ နိုင်ငံတော်အနေနဲ့ ဆည်မြောင်းဆိုင်ရာ အခြေခံအဆောက်အအုံတွေကို ငွေကြေးအမြောက်အမြားကျခံတည်ဆောက်ခဲ့ပြီး ယခုအထိ နှစ်ရှည်ကာလကြာရှည်စွာ အဆိုပါ ရင်းနှီးမြှုပ်နှံမှုတွေအပေါ်မှာ ထိန်းသိမ်းဆောင်ရွက်နေရမှု၊ စိုက်ပျိုးရေးအတွက်သာမက နိုင်ငံတော်ရဲ့ လိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ဖို့အတွက် ဆည်မြောင်းတွေနဲ့တွဲဖက်ပြီး ရေအားလျှပ်စစ်စီမံကိန်းတွေကိုပါ တွဲဖက်ဆောင်ရွက်ထားရှိရမှု ဆည်၊ ကန်၊ ရေတံခါးတွေရဲ့ အကျိုးပြုဧရိယာတွေမှာ ဆည်ရေကိုသုံးစွဲပြီး တစ်သီးမှနှစ်သီး စိုက်ပျိုးနိုင်တဲ့အပြင် ဒေသသောက်သုံးရေအတွက်လည်း ဖြည့်ဆည်းရရှိတဲ့အတွက် နိုင်ငံတော်အပေါ်မှာ ပြန်လည်တုံ့ပြန်တဲ့အနေနဲ့ ရေခွန်ကို ပေးသွင်းသင့်ကြောင်း ဆွေးနွေးပညာပေးမှုများနဲ့ စီမံဆောင်ရွက်ခဲ့ပါတယ်။

သို့သော်လည်းပဲ ထိုအချိန်က ရေခွန်မဆောင်တဲ့တောင်သူများအပေါ် အရေးယူဆောင်ရွက်နိုင်တဲ့ ဥပဒေနဲ့ နည်းဥပဒေ ပြင်ဆင်ပြဋ္ဌာန်းမှု မရှိသေးတဲ့အတွက် တာဝန်ကျေစွာ ပေးဆောင်ခဲ့တဲ့ တောင်သူများအနေနဲ့တောင် ဆက်လက်ပြီး ရေခွန်ပေးသွင်းခြင်းမပြုတော့ဘဲ အခွန်တိမ်းရှောင်လာကြတဲ့အတွက် ရေခွန်ကောက်ခံမှု နည်းပါးလာတဲ့ အခြေအနေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ကော်လိတ္တော် အရာရှိ လုပ်ပိုင်ခွင့်မရှိခြင်းနဲ့ ဆည်အခွန်ဆိုင်ရာ ဝန်ထမ်းအင်အား နည်းပါးခြင်းတို့ကြောင့် ယခင် ရေခွန်ကြွေးကျန်တွေကို ကောက်ခံနိုင်ရန်နှင့် ဆက်လက်၍လည်းပဲ ရေခွန်ကောက်ခံခြင်းလုပ်ငန်း များကို ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကနေ ၂၀၁၃ ခုနှစ်မှာ နေပြည်တော် ကောင်စီနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အသီးသီးကို ရေခွန်ကောက်ခံရေး လုပ်ငန်းတာဝန်နဲ့ ကြွေးကျန်စာရင်းများနဲ့အတူ လွှဲပြောင်းဖို့ ညွှန်ကြားခဲ့တဲ့အလျောက် ၂၀၁၄ ခုနှစ်မှာ စနစ်တကျ လွှဲပြောင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ၅ - ၇ - ၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၇ ခုနှစ် ရေခွန်နှင့် တာတမံခွန် ဥပဒေအသစ် ပြဋ္ဌာန်းမှုနဲ့အညီ ရေခွန်နှုန်းထားအသစ်ကိုလည်း ပြင်ဆင်ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ရေခွန်နှုန်းထား အသစ်အနေနဲ့ ဆည်ရေပေးဝေသည့် ဧရိယာတွေမှာ စပါးသီးနှံစိုက်ပျိုးရေ အပြည့်အဝပေးဝေရပါက တစ်ဧကကို ကျပ်(၂၀၀၀)နှုန်း၊ ရေတစ်စိတ်တစ်ပိုင်း ပေးဝေရပါက တစ်ဧကလျှင် ကျပ်(၁၀၀၀)နှုန်း၊ အခြားသီးနှံ ရေပေးဝေရပါက တစ်ဧကကို ကျပ် (၁၀၀၀)နှုန်း၊ လျှပ်စစ်ရေတင်လုပ်ငန်းတွေမှာ နွေစပါးသီးနှံအတွက် ရေတင်ခကို တစ်ဧကမှာ ကျပ် (၉၀၀၀)နှုန်း၊ မိုးစပါးသီးနှံအတွက် ရေတင်ခကို တစ်ဧကလျှင် ကျပ်(၆၀၀၀)နှုန်းနဲ့ အခြားသီးနှံအတွက် ရေတင်ခ တစ်ဧက(၃၀၀၀)ကျပ်နှုန်း စသည်ဖြင့် စည်းကြပ်ကောက်ခံသွားရမှာ ဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ အနေနဲ့ ရေခွန်နှင့်တာတမံခွန် ဥပဒေအသစ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေခွန်စည်းကြပ်ကောက်ခံရေး အဖွဲ့တွေကို စနစ်တကျဖွဲ့စည်းမှုနဲ့အညီ ဌာနရဲ့ ယခင်ရေခွန်ကြွေးကျန်များနဲ့ ထပ်မံစည်းကြပ်ကောက်ခံ ရမည့် ရေခွန်များ၊ အပြေအကြေကောက်ခံရရှိရေးအတွက် စီမံအကောင်အထည်ဖော် ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ရှင်းလင်းဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့ ရဲ့ မေးခွန်းအပေါ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက် နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းမှာရှိတဲ့ ထော်ပိုင် ကျေးရွာအုပ်စုဟာ ကျေးရွာခွဲပေါင်း(၁၇)ရွာရှိပါတယ်။ ပင်လယ်ရေငန်နဲ့ ထိစပ်တဲ့ဒေသတွေလည်း ဖြစ်ကြပါတယ်။ အဲဒီဒေသမှာ လယ်မြေဧက(၂၂၆၀၀)ကို စိုက်ပျိုးလျက်ရှိပြီး လက်ရှိအခြေအနေမှာ လယ်မြေအတွင်း ဘိုကလေးမြစ်က ရေငန်ဝင်ရောက်တဲ့အတွက် ပျမ်းမျှစပါးအထွက်နှုန်းဟာ တစ်ဧက တင်း(၂၀)နှုန်းသာရှိတဲ့အပြင် ရေငန်ဝင်ရောက်မှုကြောင့် မြေအောက်ရေချိုတွေကလည်း ထိခိုက် ပျက်စီးလျက်ရှိပြီး သောက်သုံးရေအခက်အခဲလည်း ဖြစ်ပေါ်လျက်ရှိကြောင်း စိစစ်သိရှိရပါတယ်။

ထော်ပိုင်ကျေးရွာအုပ်စုဒေသ ဘိုကလေးမြစ်ရေ ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ဖို့ အတွက် ကျွန်းပတ်တာ အလျား(၅၂)မိုင်ခန့် ပျမ်းမျှအမြင့်(၁၂)ပေခန့်ကို ဆောင်ရွက်ရမယ့်အပြင် ရေတံခါး(၆)ခုကိုလည်း ထည့်သွင်း တည်ဆောက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျငွေ

အနေနဲ့ ကျပ်သန်းပေါင်း(၂၇၅၀)ခန့် ကုန်ကျမည်ဖြစ်ကြောင်း စိစစ်တွက်ချက်ရရှိပါတယ်။ ဒီလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ်ဆိုရင် လယ်မြေများ ရေငန်ဝင်ရောက်မှုကို ဟန့်တားနိုင်မှာဖြစ်တဲ့အတွက် သီးနှံတွေ ထိခိုက်ပျက်စီးမှုမှ ကာကွယ်နိုင်မှာဖြစ်ပါတယ်။ အလားတူပဲ လယ်မြေများ ရေရှည် ရေချိုထိန်းသိမ်းနိုင်ဖို့နဲ့အတူ အောင်အောင်မြင်မြင် စိုက်ပျိုးလာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒေသတွင်း ကျေးရွာချင်းဆက်လမ်းအဖြစ်လည်း အသုံးပြုလာနိုင်မှာဖြစ်တဲ့အတွက် ဒေသနေပြည်သူလူထုရဲ့ လူမှုစီးပွားရေး၊ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပေးနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရရဲ့ ရန်ပုံငွေ ကျပ်(၉၆)သန်းနဲ့ ခွဲဝေရရှိမှုအပေါ်မှာ ကွန်းပတ်တာရဲ့ ပေတိုင်(၀) မှ (၁၅၀၅၀)ပေအထိ အပိုင်းကို တင်ဒါခေါ်ယူပြီးဖြစ်တဲ့အတွက် လုပ်ငန်းများ ယခု ဖေဖော်ဝါရီလကုန်မှာ စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျန်တဲ့အပိုင်းတွေကို ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း ရဲ့ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဘုရားဖြူကျေးရွာ၊ ဘုရားဖြူစေတီအနီးရှိ ဘီလူးချောင်းကူးတံတားမှ မိုင်နာ(၁၉)အထိ အရှည်(၁၇၃၅၈)ပေရှိသော တာပေါင်လမ်းကို ကျေးရွာကုန်ထုတ်လမ်းအဖြစ် ကျောက်ချောလမ်း သို့မဟုတ် ကွန်ကရစ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်နှင့် စပ်လျဉ်းတဲ့မေးခွန်းကို ကယားပြည်နယ် အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါတဲ့ လယ်ယာကုန်ထုတ်လမ်းဟာ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်နဲ့ ဒီးမော့ဆိုမြို့နယ်အတွင်းမှာရှိတဲ့ မိုးပြဲဆည် ရေသောက်စနစ်အတွင်းမှ ရေပေးမြောင်းပေါင်တွေကို ဆက်စပ်ဖောက်လုပ်ထားတဲ့ လယ်ယာကုန်ထုတ်လမ်းဖြစ်ပါတယ်။ ဒီးမော့ဆိုမြို့နယ်၊ ဘုရားဖြူကျေးရွာကနေ လွိုင်ကော်မြို့နယ် ဒေါပေါ်ကလဲကျေးရွာ အထိ ဆက်သွယ်ထားတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါ လယ်ယာကုန်ထုတ်လမ်းမှာ ဘီလူးချောင်း အရှေ့ဘက်ကမ်းမှာရှိတဲ့ ကျေးရွာ(၁၀)နဲ့ အနောက်ဘက်ကမ်းမှာရှိတဲ့ ကျေးရွာ(၁၂)ရွာတို့အပြင် လွိုင်ကော်မြို့နှင့်ပါ ဆက်သွယ်သွားလာနိုင်တဲ့လမ်းဖြစ်ပြီးတော့ ဒေသအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုလျက်ရှိတဲ့လမ်း ဖြစ်ပါတယ်။ ကွင်းဆင်းစစ်ဆေးတိုင်းတာချက်တွေအရ အဆိုပါ လယ်ယာ ကုန်ထုတ် မြေသားလမ်းဟာ အလျားပေ(၂၂၀၀၀)၊ အကျယ်(၁၂)ပေခန့် ရှိပါတယ်။ ယင်းလမ်းဟာဆိုရင် မိုးရာသီမှာ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ သယ်ယူပို့ဆောင်ရန်နှင့် ဒေသအတွင်း ဆက်သွယ်သွားလာရန် အခက်အခဲရှိနေတဲ့အတွက် ရာသီမရွေး သွားလာနိုင်ဖို့ ကျောက်ချောလမ်းခင်းပေးရန် လိုအပ်လျက်ရှိပါတယ်။ ခန့်မှန်းကုန်ကျငွေအနေနဲ့ ကျပ်(၃၅၄)သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း စိစစ်တွက်ချက် ရရှိပြီးဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ဘုရားဖြူ - ဒေါပေါ်ကလဲ လယ်ယာကုန်ထုတ်လမ်းကို ကျောက်ချောလမ်းခင်းပေးနိုင်ဖို့အတွက် လိုအပ်တဲ့ရန်ပုံငွေအတွက် ကယားပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေမှာ ထည့်သွင်းလျာထား တောင်းခံသွားမှာဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ရဲ့ တရုတ်နိုင်ငံ သွင်းကုန်ထုတ်ကုန်ဘဏ် China EXIM Bank ချေးယူဒေါ်လာသန်း (၁၀၀)ကို သမဝါယမဦးစီးဌာနက စိုက်ပျိုးရေးချေးငွေအစီအစဉ်လို့ အမည်တွင်ပြီး ဆောင်ရွက်ခဲ့တဲ့နောက် ယခုအခြေအနေမှာ မူလမတည်ငွေရင်း၊ ချေးငွေအမျိုးမျိုး၊ အတိုးအရင်း၊ ပြန်လည်ပေးဆပ်မှုအခြေအနေနှင့် စပ်လျဉ်းတဲ့ ဘဏ္ဍာရေးနှင့် ငွေကြေးနှစ်ချုပ် အစီရင်ခံစာ၊ လုပ်ငန်းအောင်မြင်မှုအတိုင်းအတာနှင့် မည်သူများက တာဝန်ယူ၊ တာဝန်ခံမှုအဆင့်ဆင့်နှင့် ဆောင်ရွက်တယ်ဆိုတဲ့ အခြေအနေအရပ်ရပ်နဲ့ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက်ရှင်းလင်း ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်ပါက အချိန်အနည်းငယ် ပိုပေးနိုင်ပါရန်နှင့် Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာ ချေးငွေစာချုပ် ချုပ်ဆိုဆောင်ရွက်ခဲ့မှုကို တင်ပြပါ့မယ်။ ၂၂ - ၈ - ၂၀၁၃ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ အတည်ပြုချက်နဲ့ China EXIM Bank က ရယူခဲ့တဲ့ အမေရိကန်ဒေါ်လာသန်း(၁၀၀)အတွက် ချေးငွေသဘောတူစာချုပ် Facility Agreement ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နဲ့ China EXIM Bank တို့ ၁၈ - ၁၀ - ၂၀၁၃ ရက်နေ့မှာ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပါတယ်။ ချေးငွေကာလဟာ ဆိုင်းငံ့ကာလ(၂)နှစ်၊ ပြန်ဆပ်ကာလ(၈)နှစ်၊ ချေးငွေသက်တမ်းစုစုပေါင်း(၁၀)နှစ် ဖြစ်ပါတယ်။ အတိုးနှုန်းအနေနဲ့ တစ်နှစ်ကို (၄.၅)ရာခိုင်နှုန်းဖြစ်ပြီး Management Fee (၁)ရာခိုင်နှုန်းကို China EXIM Bank ကို ၂၆ - ၁၁ - ၂၀၁၃ ရက်နေ့မှာ ဗဟိုသမဝါယမအသင်းက ကြိုတင်ကျခံ ပေးသွင်းခဲ့ပါတယ်။ ချေးငွေတွေကို သမဝါယမအသင်းသားတွေသို့ ထပ်ဆင့် ထုတ်ချေးနိုင်ရေးအတွက် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နဲ့ ယခင် သမဝါယမဝန်ကြီးဌာနတို့က ထပ်ဆင့်ချေးငွေ ထုတ်ချေးခြင်းဆိုင်ရာ သဘောတူညီချက် On - Lending Agreement ကို ချုပ်ဆိုခဲ့ပြီးတော့ ထိုစဉ်က သမဝါယမဝန်ကြီးဌာနနဲ့ ဗဟိုသမဝါယမအသင်းတို့ ထပ်ဆင့်ချေးငွေ ထုတ်ချေးခြင်းဆိုင်ရာ သဘောတူညီချက် စာချုပ်ကို ချုပ်ဆိုခဲ့ကြပါတယ်။

အဲဒီနောက်မှာ ဗဟိုသမဝါယမအသင်းဟာ တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမဦးစီးဌာန၊ အသင်းစုချုပ်များ၊ မြို့နယ်သမဝါယမဦးစီးဌာန၊ အသင်းစုများ၊ အခြေခံသမဝါယမအသင်းများနှင့် ထပ်ဆင့်ချေးငွေ ထုတ်ချေးခြင်းဆိုင်ရာ သဘောတူစာချုပ်ကို အဆင့်ဆင့် ချုပ်ဆိုခဲ့ပါတယ်။ အခြေခံသမဝါယမအသင်းတွေကတော့ သမဝါယမအသင်းသားများကို ထုတ်ချေးရာမှာ ဝိုင်းကြီးချုပ် စာချုပ်များ

ချုပ်ဆိုပြီး အဆင့်ဆင့် ထုတ်ချေးခဲ့ပါတယ်။ စာချုပ်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ စိစစ်အတည်ပြုချက်များ ရယူဆောင်ရွက်ထားခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ချေးငွေရယူမှု (မူလမတည်ငွေရင်း)နဲ့ ပတ်သက်ပြီး တင်ပြပါမယ်။ China EXIM Bank ထံမှာ ချေးငွေ အမေရိကန်ဒေါ်လာသန်း(၁၀၀)နဲ့ ပထမဒေါ်လာသန်း(၅၀)ကို ၁၈ - ၁၂ - ၂၀၁၃ ရက်နေ့မှာ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်ကတစ်ဆင့် ရရှိခဲ့ပြီးဖြစ်ပါတယ်။ ယင်းဒေါ်လာသန်း(၅၀)ကို ငွေလဲနှုန်း တစ်ဒေါ်လာမှာ (၉၈၆.၁၂၂)ကျပ်နှုန်းဖြင့် မြန်မာငွေကျပ်(၄၉.၃၀၆)ဘီလီယံကို မြန်မာ့စီးပွားရေးဘဏ်ထံမှ ၂ - ၁ - ၂၀၁၄ ရက်နေ့မှာ ရရှိခဲ့ပါတယ်။ ဒုတိယ ဒေါ်လာသန်း(၅၀)ကို ၈ - ၄ - ၂၀၁၄ ရက်နေ့မှာ ငွေလဲနှုန်း တစ်ဒေါ်လာမှာ (၉၇၃.၅၀)နဲ့ မြန်မာငွေကျပ် (၄၈.၆၇၅)ဘီလီယံကို မြန်မာ့စီးပွားရေးဘဏ်ကနေ ၁၁ - ၄ - ၂၀၁၄ ရက်နေ့မှာ ရရှိခဲ့ပါတယ်။ သို့ဖြစ်တဲ့အတွက် ဒေါ်လာသန်း(၁၀၀)အတွက် မြန်မာငွေကျပ်(၉၇.၉၈၁)ဘီလီယံကို မူလမတည်ငွေရင်းအဖြစ် ရရှိခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်(၁၅)ခု၊ မြို့နယ်(၂၅၅)မြို့နယ်၊ အသင်းပေါင်း (၁၅၉၈၄)သင်း၊ အသင်းသားပေါင်း(၁၀၈၃၀၀၀)ဦးခန့်၊ ငွေကျပ်(၁၀၉.၅၄၆)ဘီလီယံနဲ့ (၆)လတစ်ကြိမ် ထုတ်ချေးပြန်ဆပ်စနစ်ဖြင့် ဆောင်ရွက်ခဲ့ရာမှာ (၁၀)ကြိမ်မြောက်အထိ ရှိခဲ့ပြီဖြစ်ပါတယ်။ ယခုအခါမှာ လုပ်ငန်းလည်ပတ်နိုင်မှုဟာ အသင်းပေါင်း (၁၅၅၇၈)သင်း၊ အသင်းသား (၁၀၃၅၃၃၅)ဦး၊ အစုနဲ့စုဆောင်းငွေကျပ်(၉၄.၂၅)ဘီလီယံ၊ ပံ့ပိုးချေးငွေကျပ် (၅၉.၇၁၄)ဘီလီယံဖြစ်ပြီး ထုတ်ချေးငွေပေါင်းကျပ်(၁၅၄.၇၉၄)ဘီလီယံဖြစ်ပါတယ်။ သတ်မှတ်ကာလအတွင်း ချေးငွေတွေကို အပြေအကြေပြန်လည်ပေးဆပ်ခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချေးငွေအရင်း၊ အတိုးပေးဆပ်မှုအခြေအနေကို ဆက်လက်တင်ပြပါမယ်။ ချေးငွေစာချုပ်ပါ စည်းကမ်းချက်တွေအရ ကျသင့်တဲ့ အရင်း၊ အတိုးတွေကို နှစ်စဉ် ဇန်နဝါရီလ ၂၁ ရက်နဲ့ ဇူလိုင်လ ၂၁ ရက်နေ့မတိုင်မီ ပေးဆပ်ရမှာပါ။ သို့ဖြစ်တဲ့အတွက် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလကနေ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လအထိ ကျသင့်တဲ့အတိုး (၄)ကြိမ်အတွက် ဒေါ်လာ(၆.၅၆)သန်း၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအထိ ကျသင့်သည့် အရင်း၊ အတိုး (၇)ကြိမ်တွင် ဒေါ်လာ (၆.၇၅)သန်း၊ စုစုပေါင်း အရင်း(၇)ကြိမ်၊ အတိုး(၁၁)ကြိမ်အတွက် ဒေါ်လာ(၆၃.၃၁)သန်းကို ပျက်ကွက်မှုမရှိ ပေးဆပ်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ချေးငွေ အရင်း၊ အတိုးတွေကို ပြန်လည်ပေးဆပ်ခဲ့ရာမှာ ပေးဆပ်တဲ့နေ့ရှိ ဒေါ်လာကျပ်ငွေ လဲလှယ်နှုန်းများဖြင့် ဒေါ်လာငွေလဲလှယ် ပေးဆပ်ရတဲ့အတွက် ချေးငွေ ဒေါ်လာသန်း(၁၀၀)ပေါ်မှာ ၂၅ - ၁ - ၂၀၁၉ ရက်နေ့အထိ အရင်း မြန်မာငွေကျပ်(၅၉.၄၃၄) ဘီလီယံ၊ အတိုး မြန်မာငွေကျပ်(၂၄.၅၂၇)ဘီလီယံ၊ အရင်း၊ အတိုး စုစုပေါင်း မြန်မာငွေကျပ်(၈၃.၉၆၁) ဘီလီယံကို ပေးဆပ်ခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချေးငွေနဲ့ပတ်သက်လို့ အကျိုးရှိထိရောက်မှုအခြေအနေများကို ဆက်လက်သုံးသပ် တင်ပြပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသွားတဲ့ မေးခွန်းပါ အချက်အလက်တွေအပေါ်မှာ ထောက်ရှုလိုက်မယ်ဆိုရင်လည်းပဲ ဒီ ချေးငွေရဲ့ Loan Effective ချေးငွေကို ထိရောက်စွာ သုံးစွဲနိုင်မှုအခြေအနေကို ကြီးကြပ်ဆန်းစစ် ဆောင်ရွက်သွားဖို့ရှိနေတဲ့ အနေအထားတွေနဲ့ပဲ ရှိနေဆဲဖြစ်ပါတယ်။ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးတဲ့အခါမှာ သမဝါယမအသင်းဥပဒေအရ သမဝါယမအသင်းသားဖြစ်သူကိုသာ ထုတ်ချေးရမှာဖြစ်တဲ့အတွက် ပထမအသင်းသားအဖြစ် ပါဝင်ရေးကို

ဆောင်ရွက်ပါတယ်။ အသင်းစည်းကမ်းအရ အစုတန်ဖိုး(၅၀၀၀)ကျပ် ထည့်ရပါတယ်။ အသင်းသားတွေ ငွေစုဆောင်းတတ်တဲ့အလေ့အထ ရရှိစေရေးအတွက် ချေးငွေရဲ့(၁၀)ရာခိုင်နှုန်းကို စုဆောင်းငွေအဖြစ် ထပ်မံစုဆောင်းရပါတယ်။ ချေးငွေ(၁၀၀၀၀၀)ကျပ် ထုတ်ချေးမယ်ဆိုရင် စုဆောင်းငွေအဖြစ်(၁၀၀၀၀) ကျပ်ကို ဒုတိယအကြိမ် ချေးငွေထုတ်ချေးချိန်ကစပြီး ထည့်ဝင်စုဆောင်းရပါတယ်။ ယနေ့အချိန်မှာ စုဆောင်းငွေဟာ ထုတ်ချေးငွေရဲ့ (၅၀)ရာခိုင်နှုန်းရှိမယ်ဆိုရင် အသင်းသားရဲ့ဆန္ဒအတိုင်းသာ စုဆောင်း မှုပြုစေပါတယ်။ ယနေ့အချိန် ငွေကျပ်(၁၀၀၀၀၀)ထုတ်ချေးတဲ့ အသင်းသားတစ်ဦးဟာ စုဆောင်းငွေ ကျပ်(၈၅၀၀၀)ကျော် ပိုင်ဆိုင်နေပြီ ဖြစ်ပါတယ်။ အဲဒီ စုဆောင်းငွေအပေါ် အတိုးနှုန်းကလည်း(၁၂) ရာခိုင်နှုန်း၊ (၁၀၀)ကျပ်၊ တစ်လလျှင် (၁)ကျပ်နှုန်း အကျိုးခံစားခွင့်ပြုထားပြီ ဖြစ်ပါတယ်။

အသင်းအဆင့်ဆင့်မှာ ငွေကြေးပြောင်းလဲမှုနှုန်းထားအရ လျှာထားငွေ၊ ကြွေးဆိုးလျာထား၊ ပညာပေးရေးနှင့် သတင်းမီဒီယာ၊ ဝန်ထမ်းလစာနှင့် အထွေထွေအသုံးစရိတ်ဆိုပြီး ရန်ပုံငွေများ လျာထား ဆောင်ရွက်ရပါတယ်။ အခြေခံသမဝါယမအသင်း၊ မြို့နယ်သမဝါယမအသင်းစုတို့အတွက် သင့်တင့်တဲ့ရင်းနှီးငွေများ ရရှိရေးအတွက် စီမံဆောင်ရွက်ရပါတယ်။ (၆)လတစ်ကြိမ် ထုတ်ချေး၊ ပြန်ဆပ် စနစ်နဲ့ ဆောင်ရွက်တဲ့အခါမှာ အချို့အသင်းသားတွေဟာ သတ်မှတ်ချိန်ထက် တစ်လတာ နောက်ကျပြီး ပြန်လည်ပေးဆပ်မှုရှိသော်လည်းပဲ ယနေ့ (၁၀)ကြိမ်မြောက်အထိ (၉၇)ရာခိုင်နှုန်းကျော် ပြန်လည်ပေးဆပ် ခဲ့တဲ့အတွက် China EXIM Bank ကို သတ်မှတ်ကာလအတိုင်း အရင်း၊ အတိုး ပေးဆပ်နိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချေးငွေ အမေရိကန်ဒေါ်လာ သန်း(၁၀၀)ကို စည်းမျဉ်းစည်းကမ်းများ နဲ့အညီ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် စနစ်တကျ ထုတ်ချေးနိုင်ဖို့အတွက် သမဝါယမ အသေးစား ငွေကြေးဝန်ဆောင်မှု ချေးငွေလုပ်ငန်း ညွှန်ကြားလွှာကို ၁၂ - ၁၂ - ၂၀၁၉ ရက်ကတည်းက ထုတ်ပြန် ဆောင်ရွက်ပြီး ကြီးကြပ်စီမံ ဆောင်ရွက်လျက်ရှိပါတယ်။ ညွှန်ကြားလွှာအရ ချေးငွေလုပ်ငန်း ကြီးကြပ်မှု ဗဟိုကော်မတီကို ဝန်ကြီးဌာနကနေ ဥက္ကဋ္ဌ အဖြစ်၊ သမဝါယမဦးစီးဌာနက အတွင်းရေးမှူး အဖြစ် ချေးငွေလုပ်ငန်းကြီးကြပ်မှုဗဟိုအဆင့် လုပ်ငန်းကော်မတီကို ဝန်ကြီးဌာနမှ ဥက္ကဋ္ဌ နဲ့ ဗဟိုသမဝါယမ အသင်းဥက္ကဋ္ဌတို့မှ ဒုတိယဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့်တွေမှာ ချေးငွေလုပ်ငန်း ကြီးကြပ်မှုလုပ်ငန်းကော်မတီကို အဆင့်ဆင့် ဖွဲ့စည်းပြီး တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချေးငွေ ဆုံးရှုံးမှုမရှိစေရေး၊ ထိရောက်စွာ အသုံးချဆောင်ရွက်နိုင်ရေး အတွက် အသင်းအဆင့်ဆင့်မှာ ကြွေးဆိုးလျာထားချက်များ ထားရှိဆောင်ရွက်နိုင်ရေးတို့ကို အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သမဝါယမဦးစီးဌာနက ငွေကြေးကိုင်တွယ်မှု မရှိဘဲနဲ့ အသင်းတွေမှာ စာရင်းဇယား ပြည့်စုံမှန်ကန်မှု ရှိဖို့အတွက် ကြီးကြပ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ညွှန်ကြားလွှာ ထုတ်ပြန်ထားတဲ့အပြင် သီးသန့်ညွှန်ကြားချက်များကိုလည်းပဲ လုပ်ငန်းလိုအပ်ချက် အပေါ် အခြေခံပြီး အခါအားလျော်စွာ ထုတ်ပြန်ဆောင်ရွက်မှုနဲ့အတူ ကြီးကြပ်ခန့်ခွဲဆောင်ရွက်ပေး လျက်ရှိပါတယ်။ ဒါ့အပြင် China EXIM Bank မှ ချေးထားတဲ့ ချေးငွေရယူတဲ့ အသင်းတွေကို သမဝါယမဦးစီးဌာနမှ အသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ (၆)လတစ်ကြိမ် ဘဏ္ဍာရေးရှင်းတမ်း များကို စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှလည်း ချေးငွေစီမံ ခန့်ခွဲမှုအပေါ် ဘဏ္ဍာရေးနှစ်အလိုက် စနစ်တကျစစ်ဆေးလျက်ရှိပြီး လိုအပ်ချက် ထောက်ပြမှုများနဲ့

အညီ စီမံဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တံတားကြီးများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တံတားကြီးများ ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ၂၁ - ၈ - ၂၀၁၈ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၁၂ - ၉ - ၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော တံတားကြီးများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တံတားကြီးများဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၅ - ၂ - ၂၀၁၉ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာအချက်အလက်များရရှိရေး မြေယာမှတ်ပုံတင် လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက် ဖြစ်သည့် တစ်မျိုးတည်းသောမြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင် ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ အကူအညီများရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း က ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာ အချက်အလက်များရရှိရေး မြေယာ မှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံ လိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေ မြေယာအားလုံးကို ပြုစု မှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း များနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏အကူအညီများ ရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ ထားပါတယ်။

ယခု ဦးလှမြင့်(ခ)ဦးလှမြင့်သန်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၃။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)** ။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များနဲ့ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းလိုတဲ့အဆိုကတော့ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရအနေနဲ့ မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်တဲ့ မြေယာဆိုင်ရာအချက်အလက်များရရှိရေး မြေယာ မှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်နေပါတယ်။ ဒီလိုဆောင်ရွက်ရန် မူလ အခြေခံ လိုအပ်ချက်ဖြစ်တဲ့ တစ်မျိုးတည်းသော မြေပုံစနစ်နဲ့ မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို စနစ်တကျ မှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေနဲ့ နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

များနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏အကူအညီများ ရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ မြေယာဟာ ပမာဏအားဖြင့်လည်းကောင်း၊ အမျိုးအစားအားဖြင့်လည်းကောင်း အကန့်အသတ် ရှိပါတယ်။ လူသား အားလုံးအတွက်လည်း အရေးကြီးတာ အားလုံးအသိ ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ လည်းပဲ နိုင်ငံကို အုပ်ချုပ်တဲ့အစိုးရများအတွက် မြေယာအုပ်ချုပ်ရေး Land Administration မြေယာ စီမံခန့်ခွဲရေး Land Management ၊ မြေယာအသုံးချမှုပေါ်လစီ မူဝါဒ Land Use Policy၊ မြေယာ စီမံခန့်ခွဲရေး Land Management နဲ့ မြေယာဝေခြမ်းရေး Land Location တို့ကို စီမံခန့်ခွဲရေး တို့ဟာ မြေယာနဲ့စပ်လျဉ်းတဲ့ ကိစ္စများဖြစ်ပါတယ်။ အဲဒီကိစ္စများကို တိတိကျကျ သေချာခိုင်မာတဲ့ အချက်အလက် အထောက်အထားများကို အားကိုးအားထားပြုပြီးတော့ ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။

ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ရင်ဆိုင်နေရတဲ့ ကြီးမားတဲ့ ပြဿနာများထဲမှာ မြေယာပြဿနာ ဟာလည်းပဲ တစ်ခုအပါအဝင် ဖြစ်ပြီးတော့ နိုင်ငံရဲ့ တစ်နံတစ်လျားက အများပြည်သူများဟာ သူတို့ ရင်ဆိုင်နေရတဲ့ မြေယာပြဿနာများကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်တွေကို တင်ပြ နေတာ အားလုံးအသိ ဖြစ်ပါတယ်။ ဒီနေ့ မြေယာပြဿနာဟာ ရှုပ်ထွေးပြီးတော့ တချို့ကိစ္စတွေဟာ ဖြေရှင်းလို့မရနိုင်အောင် လိပ်ခဲတည်းလည်းဖြစ်နေတာတွေလည်း ရှိနေပါတယ်။ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားများ ဒီနေ့ ရင်ဆိုင်နေရတဲ့ မြေယာအရင်းအမြစ်ဆိုင်ရာပြဿနာများ၊ အငြင်းပွားမှုများကို ကြည့်ရင် (၁) မြို့မြေ၊ ယာမြေများဆိုင်ရာ အငြင်းပွားမှုများ၊ (၂) လယ်ယာမြေဆိုင်ရာ အငြင်းပွားမှုများ၊ (၃) မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုင်ရာ အငြင်းပွားမှုများ၊ (၄) သိမ်းဆည်းခံရတဲ့မြေများဆိုင်ရာ အငြင်းပွားမှုများ၊ (၅) အခြားမြေမျိုးဆိုင်ရာ အငြင်းပွားမှုများစတဲ့ ပြဿနာကြီး(၅)မျိုး ရှိနေတယ်လို့ ပြည်တွင်းက သုတေသီများက ဆိုကြပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ နိုင်ငံအတွင်းမှာ ရှိတဲ့ မြေယာများကို စနစ်တကျ မှန်မှန်ကန်ကန် အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ မှန်ကန်တဲ့ မြေယာ အသုံးချမှုမူဝါဒ ချမှတ်ခြင်းနဲ့ မြေယာကို စနစ်တကျ ခွဲဝေပေးခြင်းတို့ကို မှန်မှန်ကန်ကန် ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်နိုင်မှုအပေါ် မူတည်ပါတယ်။ အဲဒီလိုမှမဟုတ်ရင်တော့ နိုင်ငံအုပ်ချုပ်တဲ့ အစိုးရအပေါ်မှာ ပြည်သူတို့က အယုံအကြည်ကင်းမဲ့ပြီးတော့ တစ်ဗိုလ်တစ်မင်း ဖြစ်လာပြီး နိုင်ငံဆုတ်ယုတ်ကျဆင်းမှုနဲ့ ရင်ဆိုင်ကြရတာကို သမိုင်းမှာ အထောက်အထားရှိပြီး ဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်မယ်ဆိုရင် မှန်ကန်တဲ့ မြေယာအသုံး ချမှု မူဝါဒကို ချမှတ်ပြီးတော့ စနစ်တကျ စီမံအုပ်ချုပ်ခန့်ခွဲနိုင်တဲ့ နိုင်ငံများကသာ ဖွံ့ဖြိုးတိုးတက်မှု ရရှိခဲ့ကြပါတယ်။ အဲဒီလိုဆောင်ရွက်ခြင်းမျိုးမပြုနိုင်တဲ့ နိုင်ငံတွေကတော့ ဆင်းရဲမှုဒဏ်ကို ခံကြရ ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေ(၆၅)ရာခိုင်နှုန်းကျော်ခန့်မှာ စိုက်ပျိုးရေးလုပ်ငန်းနဲ့ တိုက်ရိုက် ဒါမှမဟုတ် သွယ်ဝိုက်ပြီးတော့ ဆက်စပ်လုပ်ကိုင်နေရပါတယ်။ ဒီလိုမျိုး ကျွန်တော်တို့ နိုင်ငံထဲမှာ မြေယာကို စနစ်တကျ စီမံခန့်ခွဲနိုင်ဖို့ကလည်းပဲ အရေးကြီးလှပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေယာကို စနစ်တကျ စီမံခန့်ခွဲနိုင်မှုဟာ တိကျမှန်ကန်တဲ့ တစ်မျိုးတည်းသော မြေပုံစနစ်နဲ့ မြေယာများကို တိကျတဲ့ မှတ်တမ်းတင်ထားနိုင်ဖို့လည်းပဲ လိုအပ်ပါတယ်။ ဆောင်ရွက်ခဲ့တဲ့ မြေယာမှတ်တမ်း၊ မြေယာ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို လေ့လာကြည့်မယ်ဆိုရင် စိုက်ပျိုးမြေဧရိယာရဲ့ (၈၇)ရာခိုင်နှုန်းခန့်ကို ဆောင်ရွက်ပြီးဖြစ်တယ် ဆိုသော်လည်းပဲ အဆိုပါ ထုတ်ပေးထားတဲ့ ပုံစံ(၇)များဟာ အင်္ဂလိပ်ခေတ်က လုပ်ခဲ့တဲ့ တိုင်းတာထုတ်ခဲ့တဲ့ မြေပုံများ၊ စာရင်းများကိုအခြေခံပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ အင်္ဂလိပ် ခေတ်က မြေပုံများ၊ စာရင်းများကို အချိန်တိုအတွင်းမှာ တည့်မတ်ခဲ့ကြတယ်လို့ ဆိုပေမယ့်လည်း အတိုင်းအတာ တစ်ခုထိသာ မှန်ကန်နိုင်ပါတယ်။ အချိန်ယူပြီးတော့ လုပ်ရမယ့်လုပ်ငန်းကို အချိန်တို အတွင်း ပြီးစီးအောင် တွန်းတွန်းထိုးထိုး ဆောင်ရွက်ခဲ့တာကြောင့်မို့လို့ ဆောင်ရွက်ရန်လိုတဲ့ လုပ်ငန်း များစွာ ကျန်ရှိနေပါတယ်။

အဲဒီအထဲမှာ တင်ပြရမယ်ဆိုရင် လယ်ယာမြေစာရင်း မထူထောင်နိုင်သေးလို့ ယနေ့အထိ ပုံစံ(၇)ထုတ်ပေးခြင်းမရှိတဲ့ကိစ္စများ၊ မှတ်ပုံတင်ပေးလို့ မရနိုင်သေးတဲ့၊ လုပ်ကိုင်နေတဲ့ လယ်ယာမြေ များ၊ စားကျက်မြေနဲ့ သစ်တောမြေများပေါ်မှာ ကျူးကျော်စိုက်ပျိုးထားတဲ့ မြေဧက (၁.၅)သန်းကျော်ကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ရာမှာ လုံးဝအကျုံးမဝင်ဖြစ်နေတဲ့ကိစ္စများ၊ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှစပြီးတော့ ဥပဒေအတိုင်း လယ်ယာမြေကို မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ခဲ့ရာမှာ (၉၆)ရာခိုင်နှုန်း ပြီးစီးတယ်ဆိုသော်လည်းပဲ အဲဒီအနက်က (၂၀)ရာခိုင်နှုန်းဟာ အမှားအယွင်းများရှိနေတယ်ဆိုတဲ့ အချက်အလက်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မိမိတို့ဘာသာ ခုတ်ထွင်ရှင်းလင်းပြီးတော့ လုပ်ကိုင်နေပေမယ့်လည်း မြေယာလုပ်ကိုင်ခွင့် အထောက်အထား လုံးဝမရှိသေးတဲ့ တစ်နိုင်ငံလုံးမှ လယ်ယာမြေလုပ်ကိုင်နေသူများကို လုပ်ပိုင်ခွင့်များ ချထားပေးဖို့ လိုအပ်နေတဲ့ကိစ္စရပ်များ၊ ဗဟိုနဲ့ ဒေသန္တရအစိုးရများအတွက် ပိုမိုကောင်းမွန် ထိရောက်စွာ အကျိုးပြုနိုင်မယ့် မြေယာအုပ်ချုပ်ရေးယန္တရား ဖော်ဆောင်နိုင်ဖို့ မှန်ကန်တိကျတဲ့ မြေယာဆိုင်ရာ အချက်အလက်များ၊ လိုအပ်နေတဲ့ အခြေအနေများ သစ်တောကြိုးဝိုင်းမြေထဲမှာ တရားမဝင်ကျူးကျော် စိုက်ပျိုးလုပ်ကိုင်နေထိုင်မှုများကြောင့် သစ်တောမြေအဆင့်မှ လျော့ကျပြီးတော့ မူလအတိုင်း သစ်တော မြေပြန်မဖြစ်နိုင်တော့တဲ့ Degraded Forest Land တွေကို စိုက်ပျိုးရေးအတွက် သို့မဟုတ် နေထိုင်ဖို့အတွက် ပြန်လည်ခွဲဝေ နေရာချထားရေးအတွက် မှန်ကန်တဲ့၊ ခိုင်မာတဲ့ အချက်အလက်များကို လိုအပ်နေတဲ့ အခြေအနေများ၊ တရားဝင်အထောက်အထားမရှိဘဲနဲ့ မြေယာကို အသုံးချနေမှုများ၊ မြေကို တရားဝင်ရရှိထားသော်လည်းပဲ ထိရောက်စွာအသုံးမပြုဘဲနဲ့ မြေကို လှပ်ထားတဲ့ကိစ္စများ၊ သစ်တောမြေ၊ သဘာဝတောရိုင်းမြေ ကာကွယ်ထားတဲ့ သစ်တောမြေများထဲမှာ ကျူးကျော်နေထိုင်သူ များကို ကိုင်တွယ်ဖြေရှင်း ရှင်းလင်းရမယ့်ကိစ္စရပ်များ၊ မြေပုံစနစ်တစ်မျိုးတည်းကို ပြုစုပြီးတော့ မြို့ပြနဲ့ ကျေးလက်မြေကွက်များအားလုံးတို့အတွက် ကွက်စိတ်မြေပုံများထုတ်ဖို့ လိုအပ်နေတဲ့ကိစ္စများ၊ ဗဟို တန်ဖိုးဖြတ်အာဏာပိုင်အဖွဲ့အစည်းများဟာ အမျိုးသားအဆင့် မြေယာပိုင်ဆိုင်မှု၊ မြေယာတန်ဖိုးနဲ့ အခွန်ကိစ္စရပ်တွေ ထိရောက်မှန်ကန်စွာ ဆောင်ရွက်နိုင်ဖို့ဆိုင်ရာ အချက်အလက်တွေ လိုအပ်နေတဲ့ အခြေအနေများ၊ အဲဒီလိုအခြေအနေများကို ဆောင်ရွက်ဖို့ လိုအပ်နေတာကြောင့် ကျွန်တော်တို့နိုင်ငံမှာ

လိုအပ်နေတဲ့ တစ်မျိုးတည်းသော မြေပုံစနစ်နဲ့ မြေယာမှတ်ပုံတင်တဲ့လုပ်ငန်းကို အောင်အောင်မြင်မြင်နဲ့ စီမံကိန်းချဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဆောင်ရွက်ရာမှာလည်းပဲ လုပ်ငန်းပမာဏက ကြီးမားတာကြောင့် အချိန်ယူရမှာဖြစ်သလို ဘဏ္ဍာငွေများစွာ ကျခံရမှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်တွင်းပြည်ပ ပညာရှင်များ ကျွမ်းကျင်သူများရဲ့ အကူအညီကို ရယူပြီးတော့ ခေတ်မီနည်းပညာများ၊ ခေတ်မီကိရိယာများကိုလည်း မဖြစ်မနေသုံးစွဲရမှာဖြစ်ပါတယ်။ မြေယာမှတ်ပုံတင်လုပ်ငန်းဟာ လူအင်အား၊ ငွေအင်အား၊ အချိန်နဲ့ ခေတ်မီနည်းပညာများ၊ ခေတ်မီကိရိယာများ လိုအပ်တာကြောင့် နှစ်ရှည်စီမံကိန်းချပြီးတော့ ပြီးစီးအောင်မြင်အောင် ဆောင်ရွက်ရမယ့် လုပ်ငန်းကြီးဖြစ်ပါတယ်။ စီမံကိန်းမအောင်မြင်လို့ မဖြစ်နိုင်ပါ။ ၁၉၈၄ ခုနှစ်က ထိုင်းနိုင်ငံမှာ မြေယာမှတ်ပုံတင်ဖို့ နှစ်ရှည်စီမံကိန်း နှစ်(၂၀)စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့ရ ပါတယ်။ အဲဒီအခါမှာ နိုင်ငံတကာက မိတ်ဖက်အဖွဲ့အစည်းပေါင်းစုံက အကူအညီတွေရယူခဲ့သလို ကမ္ဘာ့ဘဏ်ကလည်းပဲ သန်း(၂၀၀)၊ အမေရိကန်ဒေါ်လာ သန်း(၂၀၀) ထောက်ပံ့ခဲ့ပါတယ်။ သူတို့ဟာ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့လို့လည်း Excellent Award ကို ရရှိခဲ့ပါတယ်။ ဒီနေ့ ထိုင်းနိုင်ငံရဲ့ မြေယာစနစ် အောင်မြင်မှုကိုလည်းပဲ အားလုံးအသိဖြစ်ပါတယ်။

ကျွန်တော်တို့ မွန်ပြည်နယ်ရဲ့ အချို့မြို့တွေဟာ နှစ်ပေါင်းများစွာ တည်ရှိနေသော်လည်းပဲ လွန်ခဲ့တဲ့ နှစ်လောက်ကမှ လန(၃၀)လျှောက်ရတဲ့ အနေအထားမျိုးလည်း ရှိနေပါတယ်။ မြေကွက်တစ်ခုကို ဂရန်(၂)ခု ချပေးလို့ ထပ်နေတာတွေ၊ နှစ်ပေါင်းများစွာ လုပ်ကိုင်စားသောက်နေတဲ့ မြေကို နောက်တစ်ဦးကို ချထားပေးလိုက်လို့ ပြဿနာဖြစ်နေတာတွေ၊ ဒါတွေဟာ မြေယာမှတ်တမ်းပိုင်းမှာ အားနည်းမှုဘယ်လောက်ရှိတယ်ဆိုတဲ့ သာဓကများလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၅ ခုနှစ်ကစတဲ့ One Map Project ရှိတာ ကျွန်တော်တို့ သိပါတယ်။ သို့သော် အဲဒီစီမံကိန်းဟာ (၄)နှစ်ခန့်ရှိသော်လည်း ဒီနေ့အထိ အဲဒီစီမံကိန်းရဲ့ ရလဒ်များကို ခံစားခွင့်မရသေးပါဘူး။ ဒါကြောင့်မို့လို့ မိမိတို့နိုင်ငံရဲ့ အနေအထားကို ကြည့်ပြီးတော့ အခု ကျွန်တော် ရှေ့မှာတင်ပြခဲ့တဲ့ အချက်အလက်များ၊ အကြောင်းအချင်းအရာများကို သုံးသပ်ပြီးတော့ ကျွန်တော်ရဲ့ အဆိုကို လွှတ်တော်ကြီးက လက်ခံဆွေးနွေးပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များကို လေးစားစွာ ပန်ကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၄။**

**ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က ဦးဘမျိုးသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ အဆိုဟာ ကျွန်တော်တို့ မြန်မာနိုင်ငံတော် အနာဂတ်တည်ဆောက်ရေးမှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံအကျဆုံး လုပ်ငန်းထဲမှာလည်း ပါသလို နိုင်ငံတော်ရဲ့ တကယ့်ကို စနစ်တကျဆောင်ရွက်ရမယ့် လုပ်ငန်းလည်း ဖြစ်ပါတယ်။

ဒီအဆိုမှာဆိုလို့ရှိရင် မြေယာအုပ်ချုပ်ရေး၊ ကောင်းမွန်ရေးအတွက်ကို ဆောင်ရွက်ဖို့ ခိုင်မာတဲ့မြေယာဆိုင်ရာ သတင်းအချက်အလက်များ မှန်မှန်ကန်ကန်ရရှိရေး၊ မြေယာမှတ်ပုံတင် လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေးနှင့် တစ်မျိုးတည်းသော မြေပုံစနစ် မြို့မြေ၊ ရွာမြေနှင့် မြေယာ အားလုံးကို ပြုစုမှတ်တမ်းတင်ရေးတို့ကို နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပပညာရှင်များ၏အကူအညီဖြင့် ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရကို တင်သွင်းတဲ့ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)ရဲ့ အဆိုကို ထောက်ခံကြောင်း ဥက္ကဋ္ဌကြီးကို တင်ပြပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်း လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာအချက်အလက်များ ရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလ အခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ အစည်းများနှင့် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏အကူအညီများ ရယူလျက် တစ်မျိုးတည်းသော မြေပုံ စနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာ ပါတယ်။

ဦးလှမြင့်(ခ)ဦးလှမြင့်သန်း တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် **ဥက္ကဋ္ဌ** ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၁း၂၇ နာရီ အချိန်တွင် ရပ်နားပါသည်။]